ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ–၁၄၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 7 December 2020 ၁၀၂၁၉

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးအုန်းမောင် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ တွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားကျေးရွာ ၁၄ ရွာတွင် ပါဝင်သော ပအိုဝ်းတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း(Community Based Tourism) အပါအဝင် ကျေးရွာအလိုက် သင့်လျော်သည့် ကျေးလက်ဒေသခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီထုတ်ကုန်များ အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ ပအိုဝ်းတိုင်းရင်းသား ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဗရက်ဆင်းနှင့် ဦးတင်လတ်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးမင်းသူ၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

## ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပင်လောင်း ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို မြို့မရဲစခန်းရှေ့တွင် ယနေ့နံနက်ပိုင်းက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသည့် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်စေရန် ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကပြဖျော်ဖြေတင်ဆက်ရေးအဖွဲ့တို့က မြို့မဈေးတွင် ဈေးရောင်းဈေးဝယ်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ပြီး ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ဖြင့် မြို့မရဲစခန်းရှေ့နှင့် မြို့မဈေးရှေ့တို့တွင် ကပြဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

ခွန်အာကာစိုး (ပင်လောင်း)

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်မှသည်... နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ဆီသို့**

စာမျက်နှာ » ၆

**လောကစံနဲ့ ပျော်မွေ့ရ တက္ကသိုလ်ကျောင်းသူဘဝ**

စာမျက်နှာ » ၁၈

ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား
CB Bank iBanking မှတဆင့် ဆောင်ရွက်လိုက်ပါ။
Payroll Service
Other Banks Transfer (MMK/USD)
Bill Payment
Non Trade Payment
IRD Tax Payment
Bulk Payment
မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။
C B BANK
Best Digital Bank 2020
By ASIAMONEY
ငွေသွင်း/ငွေထုတ်အတွက်ဆို
24/7 CRM ရှိတယ်။
Contact Center :
01-231 777 0

## ကြေးမုံ

# တစ်မျိုးသားလုံးဆိုင်သည့် အမျိုးသားအောင်ပွဲ

၁၈၈၅ ခုနှစ် ကုန်ဆုံးသည်နှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝသို့ ကျရောက်သည်နှင့် နယ်ချဲ့တို့ကို မြန်မာသူရဲကောင်းများက ဆယ်နှစ်နီးပါး အပြင်းအထန်တွန်းလှန်ခဲ့ကြသည်။ ကိုလိုနီခေတ်ဦး၌ပင် နယ်ချဲ့တို့အား တွန်းလှန်မှုများ ကျရှုံးသွားခဲ့သော်လည်း ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေအသင်းများ ပေါ်ပေါက်လာကာ အမျိုးသားစိတ်ဓာတ်များ နှိုးဆွပေးခဲ့သည်။

မြန်မာနိုင်ငံကျွန်ဘဝမှ ပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံး၏ တွန်းလှန်မှုများ၊ လှုပ်ရှားမှုများသည် တစ်တိုင်းပြည်လုံး ကျွန်ဘဝသို့ စတင်ရောက်ရှိပြီးသည့်နေ့မှစ၍ တစိုက်မတ်မတ် ကြိုးပမ်းလာကြရာ လွန်ခဲ့သည့် နှစ်ပေါင်း(၁၀၀) ၁၉၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အခိုင်အမာသန္နိဋ္ဌာန်ချခဲ့သော နှစ်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ခြင်းနှင့်အတူ တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ခြင်းနှင့် အမျိုးသားကျောင်းများ တည်ထောင်နိုင်ခြင်းတို့သည် မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးတို့အတွက် အလွန်အကျိုးများစေခဲ့သည်။

ထို့ကြောင့် ၁၉၂၀ ပြည့်နှစ်သည် မြန်မာ့နိုင်ငံရေးတွင် ကြီးမားသော အလှည့်အပြောင်းများဖြစ်စေသည့် သမိုင်းဝင် သမိုင်းတွင်သော နှစ်ဖြစ်ပါသည်။ ၁၉၂၀ ပြည့်နှစ်သည် အမျိုးသားပညာရေး လှုပ်ရှားမှုကိုအခြေခံသည့် တစ်မျိုးသားလုံး နိုးကြားလှုပ်ရှားလာသောနှစ်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် ပြဋ္ဌာန်းလိုက်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကျောင်းသားသပိတ်ပေါ်ပေါက်လာသည်။ ကျောင်းသားများ လှုပ်ရှားမှုကြောင့် ပြည်သူတစ်ရပ်လုံး၏ မီးခဲပြာဖုံး အမျိုးသားရေးစိတ်ဓာတ်များ တောမီးပမာပျံ့နှံ့ခဲ့ပြီး တိုင်းရင်းသားပြည်သူများ နိုင်ငံရေးအမြင် နိုးကြားမြင့်မားလာသည်။ နယ်ချဲ့ပြုလုပ်သမျှ ခေါင်းငုံ့မခံတော့ဘဲ ပွင့်ပွင့်လင်းလင်း ပြန်လည်တုံ့ပြန်လာကြသည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့သည် မြန်မာနိုင်ငံတွင် တက္ကသိုလ်ကျောင်းသားများ ပထမဆုံး သပိတ်မှောက်ထွက်သောနေ့ဖြစ်သည်။ ဖြစ်ပေါ်လာသော တက္ကသိုလ်ကျောင်းသားသပိတ်သည် ပညာရေးအတွက်မှောက်သော သပိတ်ချည်းမဟုတ်ခဲ့ပေ။ မြန်မာနိုင်ငံလွတ်လပ်ရေး လှုပ်ရှားမှုများကို တွန်းအားပေးသော၊ နိုင်ငံရေး အရှိန်အဟုန်ကို အစပျိုးပေးသော အမျိုးသားရေးလှုပ်ရှားမှုဖြစ်သည်။ ဤသပိတ်မှောက်ဖြစ်စဉ်ကြီးသည် အမျိုးသားလှုပ်ရှားမှုအစီအစဉ်တွင် ထင်ရှားပြောင်မြောက်သော မှတ်တိုင်ကြီးဖြစ်၍ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဤအမျိုးသားအောင်ပွဲကြီးမှ နိုင်ငံအတွက်ရရှိခဲ့သော အကျိုးရလဒ်များကား ကြီးမားလှပါသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို အစပြုနိုင်သကဲ့သို့ နယ်ချဲ့အလိုကျ ပညာသင်ကြားစနစ်ကိုဖျက်ချိုး၍ ရန်ကုန်တက္ကသိုလ်ကြီးသာမက မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာသည်။ ရန်ကုန်မြို့ ဗဟန်းရပ်၌ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမျိုးသားကျောင်းစတင်ဖွင့်လှစ်ခဲ့ပြီး နောက်တစ်နှစ် ၁၉၂၁ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားကျောင်း ၈၀ ကျော်နှင့် ကျောင်းသား ကျောင်းသူတစ်သောင်းကျော် ပေါ်ထွက်လာသည်။ ယူနီဗာစီတီအက်ဥပဒေကို ကျောင်းသားများနှင့်ပြည်သူတစ်ရပ်လုံးပါ ကန့်ကွက်သည့်ကြားမှ အတည်ပြုပြဋ္ဌာန်းခဲ့သဖြင့် ပေါ်ပေါက်လာသော ပညာရေးအောင်ပွဲသည် အမျိုးသားအောင်ပွဲဟူ၍ ဖြစ်လာသည်။

ရန်ကုန်တက္ကသိုလ်နှင့်အတူ ဖြစ်ပေါ်လာသော အမျိုးသားအောင်ပွဲနေ့သည် ယခုအခါ နှစ်(၁၀၀) ရှိပြီဖြစ်သည်။ ရာစုနှစ်အားဖြင့် တစ်ခုသာရှိသည့် ရန်ကုန်တက္ကသိုလ်နှင့်အမျိုးသားအောင်ပွဲသည် လူ့သက်တမ်းအားဖြင့် တစ်ဆက်သာရှိသေးသဖြင့် သမိုင်းကြောင်းကိုငဲ့စောင်းကြည့်လျှင် မဝေးကွာသေးသည်ကို တွေ့ရမည်ဖြစ်သည်။ နှစ် (၁၀၀) အတွင်း သမိုင်းဝင်လှုပ်ရှားမှုအဖြစ်အပျက်များကို ပုံရိပ်အသွင် မြင်တွေ့လျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်သည်လည်းကောင်း၊ အမျိုးသားအောင်ပွဲအထိမ်းအမှတ်များသည် လည်းကောင်း မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအားမာန်များဖြစ်၍ မမေ့ပျောက်ဖို့လိုပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့်မြန်မာတစ်မျိုးသားလုံး အနာဂတ်ကောင်းစားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သော ပညာရေးလှုပ်ရှားမှုနှင့်အမျိုးသားရေးလှုပ်ရှားမှု အောင်မြင်မှုသမိုင်းမှတ်တိုင်များသည် ယခုအခါ နှစ်(၁၀၀) ရှိလာပြီဖြစ်၍ နှစ်(၁၀၀)ပြည့် အမျိုးသားပညာရေး၏အမြုတေ ရန်ကုန်တက္ကသိုလ်နှင့် တစ်မျိုးသားလုံး နိုးကြားထက်သန်စေသည့် အမျိုးသားအောင်ပွဲနေ့ကို အထူးဂုဏ်ပြုရမည်ဖြစ်သည်။ ထိုသမိုင်းဝင် သမိုင်းတွင်သည့် သမိုင်းမှတ်တိုင်များမှ အမျိုးသားအမွေအနှစ်များကို လက်ဆင့်ကမ်းလွှဲပြောင်းယူ၍ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားတိုးပွားရေးကို ဆတက်ထမ်းပိုး ဆက်လက်ဆောင်ကြဉ်းပေးကြရမည်ဖြစ်ပါသည်။ ။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့”

“Orange the World: Fund, Respond, Prevent, Collect!”

# တက္ကသိုလ်ဝင်တန်းကျောင်းသင်ခန်းစာများကို Facebook LIVE ဖြင့် အခမဲ့စတင်ထုတ်လွှင့်

**ရန်ကုန် ဒီဇင်ဘာ ၆**

တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့်အညီ အွန်လိုင်းသင်ခန်းစာများကို Facebook LIVE ဖြင့် အခြေခံပညာဦးစီးဌာန သင်ရိုးညွှန်းတမ်းများနှင့်အညီ MM Classroom မှအခမဲ့ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းသင်ရိုးဟောင်း (Grade – 11 ) နှင့် ဒသမတန်းသင်ရိုးသစ်( Grade – 10 ) တို့အတွက် MM Classroom မှ ဝါရင့်အတွေ့အကြုံရှိ ဆရာမကြီးများကိုယ်တိုင် သင်ကြားပေးထားသော သင်ရိုးကုန် ( အပြည့်အစုံ ) ဗီဒီယိုသင်ခန်းစာများကို နည်းပညာအသုံးပြုပြီး နားလည်စိတ်ဝင်စားလွယ်အောင် အွန်လိုင်းမှတစ်ဆင့် စာသင်ကြားနိုင်မည့် စာသင်ခန်းတစ်ခုဖြစ်သည်။

သင်ယူလေ့လာရာတွင် ပိုမိုအကျိုးရှိစေရန် ကျောင်းသား ကျောင်းသူများ၏ နားလည်မှု၊ တတ်ကျွမ်းမှုကို ဆန်းစစ်ပေးနိုင်မည့် Quiz များ၊ ရှင်းပြချက်များ ထည့်သွင်းထားသည်။ ထို့ပြင် ခက်ခဲသည့်မေးခွန်းများကို တစ်ဆင့်ချင်းစီရှင်းပြပေးနိုင်မည့် Question Training ဗီဒီယိုများကိုလည်း ထည့်သွင်းပေးထားသည်။ ကောင်းမွန်သော သင်ခန်းစာများကို အင်တာနက်မှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေးမည်သူမဆို အလွယ်တကူ လေ့လာသင်ယူနိုင်ရန်အတွက် ဖြန့်ဝေပေးလိုခြင်းဖြစ်ကြောင်း MM Classroom တည်ထောင်သူနှင့် CEO ဖြစ်သူ ဦးရဲသီဟသန့်၏ပြောကြားချက်အရ သိရသည်။

ကိုဗစ်–၁၉ရောဂါကြုံတွေ့နေရသည့်ကာလတွင် ကျောင်းများ၊ ဆရာများနှင့် ကျောင်းသား ကျောင်းသူများအတွက် သင်ကြားရေးနှင့် နည်းပညာအခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်ဖြစ်ပြီး MM Class–room Facebook Page တွင်ရှိသည့် ဗီဒီယိုသင်ခန်းစာများကို Facebook .com / mmclassroom တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသင်ခန်းစာများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ MM Classroom Facebook LIVE ဖြင့် စတင်ထုတ်လွှင့်နေပြီဖြစ်သည်။ သင်ယူမည့်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ မိုဘိုင်းဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာ၊ လက်တော့များဖြင့် သင်ယူနိုင်မည်ဖြစ်သည် ။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့နေအိမ်မှနေ၍ ကျောင်းသင်ခန်းစာများကို လွယ်ကူစွာ လေ့လာနိုင်ရန် MM Classroom က ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖြိုးသူရကျော်



ဒီဇင်ဘာ ၆ ရက်က ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်ကုသရေးစင်တာ ခြောက်ခုတွင် အောက်ဆီဂျင်ပေးနေရသော လူနာများအတွက် Vitamin အာဟာရဖြည့်စွက်အားဆေးဘူး ၁၁၀၀ နှင့် ဆေးထုပ် ၁၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး လက်ခံယူစဉ်။ ပွင့်သစ္စာ

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# အင်းစိန်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ နှာခေါင်းစည်းများ လာရောက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရန် ရောဝတီဖောင်ဒေးရှင်းမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူဖြစ်စေရန် နှာခေါင်းစည်းများကို ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ အင်းစိန်ဂျီတီအိုင် ကန့်သတ်စောင့်ကြည့်ရေးစင်တာ–၁၌ လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းရာတွင် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူ အလှူရှင်က နှာခေါင်းစည်း အခုရေ ၁၀၀၀၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ် –၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ နာယကများဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။



ဉာဏ်ဟိန်း


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | | |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | | |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **ဓာတ်ပုံသတင်းထောက်** | – ဦးခင်မောင်ဝင်း |
| | | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | – ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် သစ်တောသုတေသနဌာနတို့ရှိ သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ရေဆင်းဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်သင်ကြားရေး ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ ဆရာ ဆရာမများ ခန့်ထားနိုင်မှု၊ တက္ကသိုလ်ဝင်ခွင့် လက်ခံနိုင်မည့် ကျောင်းသား ကျောင်းသူအရေအတွက်၊ တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ထားသည့် စံအချက်များနှင့် စာသင်နှစ်အလိုက်သင်ကြားမည့် ဘာသာရပ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအား ရာထူးတိုးမြှင့် ခန့်ထားရေးနှင့် ဖွဲ့စည်းပုံပါ ခွင့်ပြုအင်အားအတိုင်း ခန့်ထားနိုင်ရေးတို့အတွက် ဝန်ကြီးဌာနမှ "မူ" များ၊ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘာသာရပ်အလိုက်သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများအား ၎င်းတို့၏ စာသင်ကြားမှု အတွေ့အကြုံများ၊ အခက်အခဲများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများအား မေးမြန်းခဲ့ပြီး တက္ကသိုလ်သင်ကြားရေးအပိုင်းကို ပိုမိုအဆင့်မြှင့်တင်နိုင်ရေး ဆရာ ဆရာမများကို စဉ်ဆက်မပြတ် လေ့လာသင်ယူရန်နှင့် မိမိ၏ အားနည်းချက်၊ လိုအပ်ချက်များအား အမြဲသုံးသပ်ပြင်ဆင်ရန်၊ မြန်မာနိုင်ငံတွင် သစ်တောပညာရပ်ကို ရန်ကုန်တက္ကသိုလ်၌ ၁၉၂၃ ခုနှစ်တွင်စတင်ဖွင့်လှစ်သင်ကြားပို့ချခဲ့ရာ လာမည့် ၂၀၂၃ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်ပါကြောင်း၊ သစ်တောပညာ ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များ ကြိုတင်ဆွေးနွေးတိုင်ပင်ထားရန်နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောသုတေသနဌာန ရေဆင်းရှိ Chinese Academy of Sciences နှင့်ပူးပေါင်းဆောင်ရွက်သည့် Southeast Asia Biodiversity Research Institute မှ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး သုတေသနစီမံကိန်းရလဒ်များအား ကြည့်ရှုစစ်ဆေး၍ စီမံကိန်းရလဒ်များအား အင်္ဂလိပ်/ မြန်မာနှစ်ဘာသာဖြင့် စာအုပ်ထုတ်ဝေနိုင်ရေး မှာကြားသည်။

ထို့နောက် သစ်တောသုတေသနဌာန တာဝန်ရှိသူများက (၃၂) ကြိမ်မြောက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားအတွက် Virtual Event စနစ်ဖြင့် ကျင်းပမည့်အစီအစဉ် သရုပ်ပြဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စာတမ်းအကျဉ်းချုပ်များအား အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့်ပြုစု၍ အင်တာနက် ဝက်ဘ်ဆိုက်နှင့် Facebook Account များတွင် ကြိုတင်ဖြန့်ဝေ ကြေညာထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပင်တစ်ရှူးမွေးမြူခြင်းဓာတ်ခွဲခန်း (Plant Tissue Culture Lab) အတွင်း တမလန်းပျိုးပင်များ မွေးမြူထုတ်လုပ်နေမှုနှင့် ပျိုးပင်ပေါက်များ စမ်းသပ်စိုက်ပျိုးထားမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တာဝန်ရှိသူများက သစ်တောသုတေသနဌာန စုဝေးခန်းမအတွင်း (၃၂) ကြိမ်မြောက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားအတွက် အသေးစိတ်ပြင်ဆင်ထားရှိမှုများ၊ အာရှ-ပစိဖိတ်ဒေသ သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောများ ပြန်လည်ထူထောင်ခြင်းကွန်ရက် (Asia Pacific Forest Rehabilitation and Sustainable management Network (APFNet) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မဲခေါင်ဒေသ (မြန်မာနိုင်ငံ)တွင် သစ်တောဂေဟစနစ်များအား ဘက်စုံစီမံအုပ်ချုပ်ခြင်းနှင့် သရုပ်ပြခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ထင်းရှူးစိုက်ခင်းများအတွင်း ပင်ကျပ်နုတ်ခြင်းအတွက် သုတေသနတွေ့ရှိချက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရွှေဘို ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရွှေဘိုခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အတူ ယနေ့ နံနက် ၉ နာရီက ရွှေဘိုမြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် ညောင်ပင်သာ အခြေခံပညာအထက်တန်းကျောင်း၊ စိုက်သိပ္ပံကျောင်းနှင့် ဘိုးတော်တောကျေးရွာတို့၌ ဖွင့်လှစ်ထားရှိသော ကန့်သတ်စောင့်ကြည့်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်းမာရေးသုံးပစ္စည်းများနှင့် နှာခေါင်းစည်း၊ ရေသန့်ဘူး၊ ငါး၊ ခေါက်ဆွဲခြောက်၊ ဆန်၊ ဆီနှင့် ဆားတို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များကို အားလုံးစနစ်တကျ အထူးအလေးထား လိုက်နာကြရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**ထွန်းကိုကို**

## မြန်မာ့ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဒီဇင်ဘာလအတွင်း ခရီးစဉ်များ ဆောင်ရွက်ရန်လျာထား

**ရန်ကုန် ဒီဇင်ဘာ ၆**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဒီဇင်ဘာလအတွင်း ခရီးစဉ်များ ဆောင်ရွက်ရန်လျာထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဒီဇင်ဘာလအတွင်း ခရီးစဉ်လေးမျိုးစတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ကနဦးကြိုးပမ်းမှုအဖြစ် အပျော်စီးလေယာဉ်ခရီးစဉ်ကို ဒီဇင်ဘာလဆန်းတွင်လည်းကောင်း၊ မြစ်တွင်းသင်္ဘောခရီးစဉ်ကို ဒီဇင်ဘာလ ဒုတိယပတ်တွင်လည်းကောင်း၊ ကုန်းတွင်းယာဉ်တန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်းကို ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် လည်းကောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ထားသော ''စံ''သတ်မှတ်ချက်များပေါ်မူတည်၍ ဆောင်ရွက်သွားရန် လျာထားကြောင်း၊ ခရီးစဉ်များစတင်နိုင်မည့်အချိန်အတွက် လက်ရှိတွင် ကြိုတင်စီစဉ်သည့် အဆင့်တွင်သာရှိသေးကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ပြောကြားသည်။

"ခရီးစဉ်တွေက စီစဉ်တဲ့အဆင့်ပဲရှိပါသေးတယ်။ ရောင်းဖို့မဟုတ်သေးဘူး။ ဖွင့်ပြီဆိုတာနဲ့ ခရီးစဉ်ရောင်းလို့ရအောင် စီစဉ်နေတဲ့အပိုင်းဖြစ်ပါတယ်။ ကုန်းတွင်းယာဉ်တန်းကတော့ မော်တော်ယာဉ် ၁၀ စီးလောက်ရရင် ငွေဆောင်၊ ချောင်းသာကမ်းခြေတွေလည်း ဖွင့်ခဲ့ရင်အဲဒီဘက်ကို သွားပါမယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ရှင်းပြသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ စင်းလုံးငှားလေယာဉ်ရလျှင် အပျော်စီးလေယာဉ်ခရီးစဉ်အဖြစ် ရန်ကုန်မြို့မှစတင်ထွက်ခွာ၍ ရန်ကုန်သို့ပြန်လည်ဝင်ရောက်မည့်ခရီးစဉ်နှင့် ရန်ကုန်မြစ်အတွင်း သွားလာလည်ပတ်ခြင်းခရီးစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွန့်စားအားကစားခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်း၊ မြစ်တွင်းနှင့်မီးရထားအပျော်စီးခရီးသွားလုပ်ငန်း၊ ကုန်းတွင်းယာဉ်တန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်းနှင့် MICE ခရီးသွားလုပ်ငန်းတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မှသိရသည်။

**ပွင့်သစ္စာ**

အဂတိ ပယ်ခွာ
ပြည်သာယာ

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ☆ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊
- ☆ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှု အခွင့်အလမ်း ရရှိရေး၊
- ☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
- ☆ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
- ☆ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉-၁၂-၂၀၂၀)

# နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အမျိုးသားရေးကျောက်တိုင် မွမ်းမံ၍ဖွင့်လှစ်



**ရန်ကုန် ဒီဇင်ဘာ ၆**
မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းနှင့် ဗဟန်းမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ကကြီးမှူး၍ နှစ် (၁၀၀) ပြည့်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အမျိုးသားရေး ကျောက်တိုင် မွမ်းမံပြင်ဆင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဦးအရိယဝံသကျောင်း၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းတိုက်ဆရာတော် ဦးစန္ဒိမာအမှူးပြုသော သံဃာတော်များအား ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များထံမှ ကွယ်လွန်ပြီး အမျိုးသားရေးအတွက် ဆောင်ရွက်ခဲ့သော ကျောင်းသားကြီး ၂၆ ဦးနှင့်တကွ ကျောင်းသား ကျောင်းသူဟောင်းများအတွက် ရေစက်ချ၊ ဆုတောင်းအမျှပေးဝေကြသည်။

ယင်းနောက် မြို့မကျောင်းသား ကျောင်းသူဟောင်း အသင်းဝင်များက မူလလက်ရာမပျက်ပြုပြင်ထားသော အမျိုးသားရေးကျောက်တိုင်ရှေ့တွင် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

အဆိုပါအမျိုးသားရေးကျောက်တိုင်ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ လက်ရှိကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာက "ကျောက်တိုင်တည်ရှိတာကတော့ ဦးဇင်းတို့ မမီဘူးပေါ့နော်။ ရှေ့ကဆရာတော်ကြီးတွေပြောသွားတာကတော့ ရွှေတိဂုံစေတီပေါ်မှာရှိတဲ့ကျောက်တိုင်က အမျိုးသားအောင်ပွဲနေ့ ရွှေရတု ၁၉၇၀ ပြည့်နှစ်မှာ လုပ်ခဲ့တာတဲ့။ ဦးအရိယကျောင်းထဲမှာရှိတဲ့ကျောက်တိုင်က သူ့ထက်စောတယ်တဲ့။ အနည်းဆုံးနှစ် ၅၀ အထက်မှာရှိပါတယ်" ဟု မိန့်ကြားသည်။

အဆိုပါ ကျောက်တိုင်တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကျောင်းသားများက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်တိုက်ပွဲဝင် စုဝေးရာ ဗဟန်း အောင်မြေ ဟူ၍လည်းကောင်း၊ ကောလိပ်ကျောင်းသားကြီး မူလ ၁၁ ဦးနှင့် နောက်တိုး ၁၅ ဦး ပေါင်း ၂၆ ဦး၏ အမည်စာရင်းကိုလည်းကောင်း ဖော်ပြထားသည်။

ကျောက်တိုင်ပြုပြင်မွမ်းမံခဲ့မှုနှင့်ပတ်သက်၍ ဗဟန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဗိုလ်က "ကျွန်တော့်မိတ်ဆွေတစ်ဦးက ဦးအရိယကျောင်းတိုက်ထဲမှာ ဒီကျောက်တိုင်ရှိတယ်။ နှစ်တွေကြာပြီ။ ချုံနွယ်ပိတ်ပေါင်းတွေပိတ်ပြီး ပျက်စီးနေလို့ ပြုပြင်သင့်တဲ့အကြောင်း ပြောလာတယ်။ ဒါနဲ့ သွားကြည့်ပြီး မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ညီနောင်တွေကိုတင်ပြတယ်။ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းလည်း လာကြည့်တယ်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလည်း လာကြည့်တယ်။ ကျောက်တိုင်၊ ရင်ပြင်နဲ့ ရေကန်ကိုတော့ မြို့မကျောင်းသား ကျောင်းသူဟောင်း အသင်းရဲ့ ရန်ပုံငွေစိုက်ထုတ်မှုနဲ့ မူလလက်ရာမပျက် ပြုပြင်ပေးခဲ့တာပါ။ ကျောက်တိုင်ရဲ့ သက်တမ်းကတော့ ဆရာတော်ရဲ့ ပြောပြချက်အရ ၅၅ နှစ်ကနေ နှစ် ၆၀ အတွင်း ဖြစ်မယ်လို့ ခန့်မှန်းရပါတယ်" ဟု ပြောသည်။

အဆိုပါအမျိုးသားရေးကျောက်တိုင် ပြုပြင်မွမ်းမံ ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ဦးအရိယဝံသကျောင်းတိုက် ဆရာတော် ဦးစန္ဒိမာ၊ ဗဟန်းမြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးဝင်းဗိုလ်၊ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းမှ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာမြင့်တိုး၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်ရီရီတင်၊ အထွေထွေအတွင်းရေးမှူး ဦးလှမြင့်သိန်း၊ အတွင်းရေးမှူး (၁)ဦးသိန်းနိုင်ဦး၊ အတွင်းရေးမှူး (၂) ဦးဆန်းလင်းအောင်၊ စည်ရုံးရေးမှူး ဦးကျော်ကျော်ဦးနှင့် အမှုဆောင် ဦးအောင်သူရတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကျောင်းသားကြီးများ ဦးဆောင်၍ ဗြိတိသျှကိုလိုနီလက်ထက် ကျွန်ပညာရေး အခွန့်ရှည်စေမည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ ရာ ယခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် နှစ်ပေါင်း ၁၀၀ ပြည့်မြောက်သည့် အမျိုးသားအောင်ပွဲနေ့ ဖြစ်သည်။

**မြင့်မောင်ကျော်**



# ကျီခါးမြို့၌ Facility Quarantine Center အဆောက်အအုံဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၆**
ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့၌ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၏ စီစဉ်ပေးမှုဖြင့် နေရပ်ပြန်ပြည်သူများထားရှိမည့် Facility Quarantine Center အဆောက်အအုံကို ကျီခါးတိုက်နယ်ဆေးရုံအနီး၌ ဆောက်လုပ်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျီခါးမြို့၌ အိမ်နီးချင်းအိန္ဒိယနိုင်ငံမှ နေရပ်ပြန်ပြည်သူများကို မြန်မာ-အိန္ဒိယ နယ်စပ် ခင်မန်းဂိတ်မှတစ်ဆင့် စနစ်တကျလက်ခံ၍ ကျီခါးမြို့၌ အသွားအလာကန့်သတ်ပြီး ကျန်းမာရေးစောင့်ကြည့်ဆောင်ရွက်လျက်ရှိရာ အဆိုပါ နေရပ်ပြန်များထားရှိဆောင်ရွက်ရေး အဆင်ပြေစေရန် အတွက် ပြည်နယ်လူမှုရေးဝန်ကြီး၏ စီစဉ်ပေးမှုဖြင့် လူ ၂၀ ဆံ့ Facility Quarantine Center အဆောက်အအုံ (၁၂၀ x ၈ x ၈) ပေကို နိုဝင်ဘာ ၂၄ ရက်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆောက်အအုံဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါအဆောက်အအုံ ဆောက်လုပ်ခြင်းကြောင့် ကျီခါးမြို့၌ နေရပ်ပြန်ပြည်သူများ ကျန်းမာရေးစောင့်ကြည့် ဆောင်ရွက်ထားရှိရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**လျန်ပီး(သတင်းစဉ်)**

# သထုံခရိုင်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်



**သထုံ ဒီဇင်ဘာ ၆**
မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သော ကျောက်ခင်းလမ်း လေးမိုင်၊ ကတ္တရာလမ်းတစ်မိုင်၊ ကွန်ကရစ်လမ်း တစ်မိုင်၊ ပေ ၂၀ အာရ်စီတံတားတစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်ရေပြွန် နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းနှစ်ခု၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခုတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြု ရန်ပုံငွေကျပ် ၉၃၀ ဒသမ ၄၅၇ သန်းဖြင့် လုပ်ငန်းများစတင်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးရေး သထုံခရိုင်ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# တောင်သူ့အားမာန်မျိုးစေ့ထုတ်သမဝါယမအသင်းက ဆင်းသုခမျိုးသန့်စပါးများနှင့် ပဲတီစိမ်းရေဆင်း ၁၄ မျိုး စိုက်ပျိုး

**ရေစကြို ဒီဇင်ဘာ ၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သမဝါယမအသင်းစုနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူ့အားမာန် မျိုးစေ့ထုတ်သမဝါယမအသင်းက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အထောက်အပံ့ဖြင့် ဆင်းသုခမျိုးသန့်စပါးများ စိုက်ပျိုးခဲ့ပြီး ယခုအခါ ထွက်ရှိလာသော ဆင်းသုခစပါးမျိုးများကို ဒေသတွင်းနှင့် အခြားဒေသရှိ တောင်သူများထံသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်သည်။

ထို့ပြင် ပဲတီစိမ်းရေဆင်း ၁၄ မျိုးကို စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် စီပီအစေ့ထုတ်ပြောင်း၊ ကြက်သွန်နီ၊ ကုလားပဲ၊ နှမ်းနှင့် မြေပဲ၊ အခြားသီးနှံများလည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား။ ဓာတ်ပုံ - သန့်ဇော်ဦး

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုနှင့် ရေကျော်ချောင်းကူးတံတား တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းတည့် ၁၂ နာရီက ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုနှင့် ဒေသခံကျေးလက်နေပြည်သူများ မြို့ပြနှင့်ကျေးလက် ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပွင့်ဖြူမြို့-မုန်းဇလဲကျေးရွာ ရေကျော်ချောင်းကူးတံတား တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၅၀ ဖြင့် ပွင့်ဖြူမြို့-မုန်းဇလဲကျေးရွာ ရေကျော်ချောင်း အရှည်ပေ ၈၀ အား သံကူကွန်ကရစ် ဘေလီတံတား တာဝန်ယူတည်ဆောက်နေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တံတားတည်ဆောက်ရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးလွင်အေးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လုပ်ငန်းအရည်အသွေး ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ပွင့်ဖြူမြို့-မုန်းဇလဲကျေးရွာ ရေကျော်ချောင်းကူးသံကူကွန်ကရစ်ဘေလီတံတား တည်ဆောက်နေမှုလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ၍ ၂၀၂၀ ပြည့်နှစ် မတ်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ လုပ်ငန်းပြီးစီးမှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ တံတားတည်ဆောက်ပြီးစီးပါက ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ မြို့ပြနှင့် ကျေးလက် ရာသီမရွေး အဆင်ပြေစွာ ကူးလူးဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအဖွဲ့သည် ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာတွင် နိုင်ငံတော်အစိုးရမှ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အလျား ၂၇ ပေ၊ အနံ ၁၈ ပေရှိ Steel Structure အမျိုးအစား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ် ဆောက်လုပ်နေမှုနှင့်ပတ်သက်ပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

## မြဝတီမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းခြင်း အခမ်းအနား ကျင်းပ

**မြဝတီ ဒီဇင်ဘာ ၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မြဝတီမြို့ရှိ စိမ်းလဲ့မြိုင်အဝေးပြေး ယာဉ်ရပ်နားစခန်းဖွင့်ပွဲနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ သုံးထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများသို့ ယမန်နေ့က တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ စိမ်းလဲ့မြိုင်အဝေးပြေးယာဉ်ရပ်နားစခန်း မုခ်ဦးအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီမံကိန်း/ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် Stepping Stone ကုမ္ပဏီဥက္ကဋ္ဌ စောဖေဒိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် စိမ်းလဲ့မြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း ဆိုင်းဘုတ်အား ကရင်ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး စီမံကိန်း/ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဘင်ခရာအဖွဲ့နှင့်အကအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ သုံးထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် ကျောင်းဆောင်သစ်အား ဆောက်လုပ်သည့် သပြေသုခဆောက်လုပ်ရေးကုမ္ပဏီမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ကရင်ပြည်နယ်ပညာရေးမှူး ဦးငွေစိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခြင်း၊ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့ ရပ်ကွက် ၆/၇ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အာဇာနည်ပန်းခြံတိုးချဲ့ပြင်ဆင်နေမှု၊ လေးကေ့ကော်မြို့သစ်ရှိ လျှပ်စစ်ပိတ်တမံ ပြင်ဆင်မွမ်းမံနေမှုနှင့် မဲကနယ် တိုးချဲ့စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိန်လင်းအောင်(ပြန်/ဆက်)

နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်မှသည်... နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ဆီသို့

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနားအား Virtual စနစ်ဖြင့် ကျင်းပခဲ့သည်ကို မြန်မာ့ရုပ်မြင်သံကြားတွင် ကြည့်ရှုလိုက်ရပါသည်။ ထို့ပြင် ရာပြည့်သဘင်အခမ်းအနားမတိုင်မီ ရက်သတ္တပတ်ကာလကတည်းက နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းစာများတွင် ရန်ကုန်တက္ကသိုလ်ကြီးအတွင်းရှိ အထင်ကရဖြစ်ပွားခဲ့သည့် သမိုင်းကြောင်းများ၊ နာမည်ကြီးအဆောင်များအကြောင်းကို ခေတ်အဆက်ဆက်တွင် ကိုယ်တိုင်တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းကြီးများက လွမ်းမောဖွယ်သမိုင်းကြောင်းများကို ပြန်လည်တမ်းတကာ ဂုဏ်ပြုရေးသားခဲ့ကြသည်။

**သန်းဖြိုးနိုင်**

အလားတူ ရုပ်မြင်သံကြားအစီအစဉ်များမှ ရာပြည့် အထိမ်းအမှတ်သီချင်းများ ထုတ်လွှင့်ပြသခြင်း၊ ကျောင်းတော်ကြီး၏သမိုင်းကြောင်းများ ထုတ်လွှင့်ပြသခြင်းတို့ကိုလည်း ကြည့်ရှုခံစားခဲ့ရပါသည်။

### ရန်ကုန်တက္ကသိုလ်အောင်ပွဲနှင့် ဒွန်တွဲပါလာသည့် ဒုတိယအောင်ပွဲ

ထိုရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ကြီးနှင့် တစ်ဆက်တည်း ကပ်လျက်ဒွန်တွဲပါလာသည့် ရာပြည့် အခမ်းအနားကြီးတစ်ခုကလည်း အသင့်စောင့်ကြိုလျက် ရှိနေသေးသည်။ ထိုရာပြည့်နေ့ အထိမ်းအမှတ်အခမ်းအနားကြီးသည်လည်း ယခုကျင်းပပြီးစီးသွားသည့် ရန်ကုန်တက္ကသိုလ်ကြီး မဖြစ်ပေါ်၊ မပေါ်ပေါက်မီကတည်းက အတူယှဉ်တွဲကာ သန္ဓေတည်မြစ်ဖျားခံခဲ့သည်ဟုလည်း ဆို၍ရသည်။



ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးအရိယကျောင်းတိုက်။

ဆိုလိုရင်းမှာ ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်ရန် ကြိုးစားခဲ့ကြပြီး စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ပထမအဆင့်အောင်ပွဲဖြစ်ကာ နောက်ထပ်မံ၍ ထိုတက္ကသိုလ်ကြီးအတွက် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် ဖိနှိပ်သော စည်းကမ်းချက်များကို အောင်မြင်အောင် တောင်းဆိုကျော်လွှားပြင်ဆင်နိုင်ခဲ့သည်မှာ ဒုတိယအဆင့် အမျိုးသားအောင်ပွဲအဖြစ် ဒွန်တွဲဖြစ်ပေါ်လာခဲ့ခြင်းကို ပြောလိုရင်းဖြစ်သည်။ သို့အတွက် ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားဟု ဆိုလိုက်လျှင် အမျိုးသားအောင်ပွဲ ရာပြည့်ကို မေ့ထား၍မရသလို အမျိုးသားအောင်ပွဲနေ့အကြောင်း ပြောကြမည်ဆိုလျှင်လည်း ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာပုံနှင့် အမျိုးသားပညာရေးအတွက်ကြိုးပမ်းခဲ့ကြပုံများသည် ခွဲခြား၍ မရတတ်ပေ။

ထိုအထိမ်းအမှတ်အခမ်းအနားကြီး နှစ်ခုသည် တစ်ခုနှင့်တစ်ခုဒွန်တွဲကာ ရှေ့နောက်ဆက်စပ်နေတတ်စမြဲပင်ဖြစ်သည်။ သို့ဖြစ်ရာ ယခုဆောင်းပါးတွင် ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာပုံသမိုင်းနှင့် အမျိုးသားနေ့မှသည် အမျိုးသားအောင်ပွဲ ပေါ်ပေါက်လာပုံများကို အများသိရှိကြစေခြင်းအကျိုးငှာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

ထိုသို့တင်ပြရာတွင် ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာပုံအကြောင်းကို ယခင်ရေးသားဖော်ပြခဲ့ကြသည့် ဆောင်းပါးများတွင် ပါရှိပြီးဖြစ်သော်လည်း ယခုတွင်မူ အကျဉ်းသဘောမျှသာ ဥပဒေပိုင်းဆိုင်ရာကို မှီးကာ နှစ်ကာလအလိုက် ဆက်စပ်တင်ပြသွားလိုပါသည်။ သို့မှသာ ရှေ့နောက်ညီညွတ်ကာ အကျိုးအကြောင်းသင့်ပြီး အများလည်း အလွယ်တကူသဘောပေါက်နားလည်ကြလိမ့်မည်ဟုလည်း စာရေးသူထင်မိသည်။



### အမျိုးသားအောင်ပွဲနေ့အစ

အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာမှုကို လေ့လာကြည့်သည့်အခါ ဝိုင်အမ်ဘီအေအသင်းက စတင်၍ ပညာရေးအတွက် အဆိုပြုတောင်းဆိုရာမှ စတင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ၁၈၈၆ ခုနှစ်တွင် နိုင်ငံတစ်ခုလုံး ဗြိတိသျှလက်အောက်သို့ ကျရောက်ပြီး နှစ် ၂၀ အကြာတွင် သူရိယသတင်းစာတည်ထောင်သူ ဦးဘဘေက ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေကို စတင်တည်ထောင်ခဲ့ကာ ထိုအထဲတွင် နောင်တွင် ရန်ကုန်တက္ကသိုလ် ဥပဒေပါမောက္ခဖြစ်လာမည့် ဦးမေအောင်လည်း ပါခဲ့သည်။ ဦးမေအောင်သည် ၁၉၀၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ L.L. B ,၊ L.L.M, MA နှင့် လင်ကွန်းအင်းဥပဒေကျောင်းမှ (Barrister-at -Law) ဝတ်လုံဘွဲ့များကို ရရှိခဲ့သော်လည်း မြန်မာစာစာပေ၊ မြန်မာ့ယဉ်ကျေးမှုကို ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) အား ဆရာတင်၍ လေ့လာခဲ့သည်။ သို့ဖြင့် ၁၉၁၂ ခုနှစ်တွင် ပေ၊ ပုရပိုက်၊ ချောင်းများ စနစ်တကျ လေ့လာပြီး ချောင်းဟောင်း ၁၂ စောင်တွဲ အမည်ဖြင့် ထုတ်ဝေခဲ့သည်။

### တက္ကသိုလ်အဆင့်ရရှိရေး တောင်းဆိုခဲ့ကြ

သို့ဖြင့် ၁၉၁၇ ခုနှစ်သို့ ရောက်လာသည့်အခါ မြန်မာပြည်တွင် တက္ကသိုလ်အဆင့်ဟူ၍ မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏လက်အောက်ခံရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့သာ ရှိနေခဲ့သည်။ မက်ထရစ်ကျူလေးရှင်းခေါ် တက္ကသိုလ်ဝင် စာမေးပွဲကိုလည်း ကာလကတ္တားက မေးခွန်းထုတ်ပြီး ရန်ကုန်တွင် ဖြေဆိုကြရသည်။ ထိုစဉ်က ယင်းကောလိပ်နှစ်ခုပေါင်းတွင် ကျောင်းသားပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းလည်း သိရသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေအသင်းကြီးက ဦးမေအောင်၊ သခင်ကိုယ်တော်မှိုင်းတို့က ဦးဆောင်ပြီး မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်အဆင့်များ သီးခြားထားရှိပေးဖို့ တောင်းဆိုခဲ့ကြသည်။ ထို့နောက်တွင် ထိုဝိုင်အမ်ဘီအေအသင်းကြီး၏ တောင်းဆိုမှုများ၊ နှိုးဆော်မှုများ၊ ကြွေးကြော်မှုများ အင်အားကောင်းလာခဲ့သည်။

### ပညာရေးအားမကောင်းစေရန် ဖိနှိပ်ထားခဲ့ကြ

ထိုအချိန် ၁၉၁၇ ခုနှစ်တွင်လည်း အိန္ဒိယနိုင်ငံ ဘင်္ဂလား၊ ဘုံဘိုင်၊ ပန်ဂျပ်၊ မဒရပ် စသည့် ပြည်နယ်များအား ဒိုင်အာခီအုပ်ချုပ်ရေးပေးသည့်အခါ မြန်မာနိုင်ငံကိုမူ ဘီအေ အောင်သူ ၄၀၀ မပြည့်သေး၍ဟူသော အကြောင်းပြချက်ဖြင့် ဒိုင်အာခီအုပ်ချုပ်ရေး (အင်္ဂလိပ်-မြန်မာပူးတွဲအုပ်ချုပ်သည့်စနစ်)ကို မပေးဘဲ ချန်လှပ်ထားခဲ့ကြသည်။ ထို့ကြောင့် ထိုစဉ်က အိန္ဒိယသို့သွားရောက်ကာ အရေးဆို တောင်းဆိုကြသူများတွင် ဝိုင်အမ်ဘီအေအသင်းမှ ပညာတတ် ဦးမေအောင်ကိုလည်း ရွေးချယ်စေလွှတ်၍ ကာလကတ္တားရှိ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မွန်တေဂူနှင့် သွားရောက်တွေ့ဆုံပြီး ပညာရေးမြှင့်တင်နိုင်ရေးအတွက် တက္ကသိုလ်အဆင့် မြှင့်တင်ပေးရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့် ၁၉၁၈ ခုနှစ် ဇွန်လတွင် မြန်မာပြည်ဆိုင်ရာ အင်္ဂလိပ်အစိုးရ ပညာမင်းကြီး မစ္စတာ မက်သယူးဟန်းတား (Mr. Mathew Hunter) ဦးစီးပြီး ယူနီဗာစီတီ အက်ဥပဒေရေးဆွဲရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ရသည်။ တိုးတက်မှုအနေဖြင့် ထိုကော်မတီတွင် ဝိုင်အမ်ဘီအေမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြသည်။

သို့သော်လည်း ထိုဥပဒေကြမ်းထဲတွင် မြန်မာနိုင်ငံ၌ ရန်ကုန်တက္ကသိုလ်တစ်ခုတည်း ဖွင့်လှစ်ရန်သာပါရှိခဲ့ပြီး အခြားမြို့ကြီးများအတွက် မပါရှိခဲ့ခြင်း၊ တက္ကသိုလ်ကောင်စီအဖွဲ့ဝင်များ၊ အုပ်ချုပ်သူများအားလုံးမှာ ဗြိတိသျှအရာရှိများသာဖြစ်ခြင်း၊ ထို့အပြင် တက္ကသိုလ်တက်ရမည့် ကျောင်းသူ ကျောင်းသားများ၏ အရည်အချင်းသတ်မှတ်ချက်များတွင် ကျောင်းအိပ်၊ ကျောင်းစားများသာ ဖြစ်ရမည်ဆိုသည့် အချက်များ ပါဝင်ခြင်းများဖြင့် မြန်မာလူမျိုးတို့ကို ပညာတတ် မပေါ်များစေရန် ကန့်သတ်ချက်များစွာ ထည့်သွင်းထားခဲ့ကြသည်။

ထိုကျောင်းအိပ်၊ ကျောင်းစား ဖြစ်ရမည်ဟူသည့် အချက်သည် တက္ကသိုလ်တက်မည့် ကျောင်းသူကျောင်းသား တစ်ဦးအနေဖြင့် တစ်လလျှင် ငွေကျပ် ၅၀ အကုန်အကျခံနိုင်မှသာ တက်ရောက်နိုင်မည့်သဘောသက်ရောက်နေသည့်အတွက် ထိုခေတ်က ငွေရှင်၊ ဓနရှင်လူတန်းစားများနှင့် အင်္ဂလိပ်အစိုးရနှင့်ပတ်သက်သည့် အရာရှိသားသမီးများအတွက်သာဖြစ်နေပြီး နိုင်ငံသားများပညာတတ်နည်းပါးသွားစေမည့် ထိုးနှက်ချက်ဖြစ်နေသည့်အတွက် ထိုရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ ဗြိတိသျှတို့၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ပညာတတ်နည်းမှသာ ဒိုင်အာခီအုပ်ချုပ်ရေးမပေးဘဲ ဆက်လက်အုပ်စိုးနိုင်မည်ဖြစ်ပြီး ပညာတတ်ပေါ်များလာပါက ၎င်းတို့လက်လွှတ်ဆုံးရှုံးရမည်ကို သိကြသောကြောင့်ဖြစ်သည် ဆိုသည့်အချက်ကိုလည်း တွေ့ရမည်ဖြစ်သည်။

### အမျိုးသားပညာရေးအတွက် စတင်တောင်းဆိုလာခဲ့ကြ

ဥပဒေရေးဆွဲကြစဉ်တွင် ထိုအချက်များကို ဝိုင်အမ်ဘီအေအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ၊ နိုင်ငံအတွင်းမှ ကျန်လူထုများက ကန့်ကွက်ခဲ့ကြသော်လည်း ထိုစဉ်က ဗမာနိုင်ငံဆိုင်ရာ အင်္ဂလိပ် ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် (Sir Reginald Craddock) က ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် အဆိုပါ ယူနီဗာစီတီ အက်ဥပဒေမူကြမ်းကို ကြေညာခဲ့သည်။ ထို့နောက် စက်တင်ဘာလတွင် တက္ကသိုလ်ဥပဒေကို အတည်ပြုခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် အဆိုပါ ဥပဒေကို ထုတ်ပြန်ကြေညာခဲ့တော့သည်။ ထို့အတွက် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်ကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတော်ရင်ပြင် စနေထောင့်တွင် ဗြိတိသျှအစိုးရ၏ ကျွန်သက်ရှည်ရေး ပညာရေးဥပဒေသစ်ကို တိုက်ဖျက်ရန် စတင်ဆွေးနွေးခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် သောကြာနေ့ (ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်) နေ့တွင် ရန်ကုန်ရှိကောလိပ်တို့မှ ကျောင်းသားကြီး

**စာမျက်နှာ ၇ သို့** ❐

> ဗြိတိသျှတို့၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ပညာတတ်နည်းမှသာ ဒိုင်အာခီအုပ်ချုပ်ရေးမပေးဘဲ ဆက်လက်အုပ်စိုးနိုင်မည်ဖြစ်ပြီး ပညာတတ်ပေါ်များလာပါက ၎င်းတို့လက်လွှတ်ဆုံးရှုံးရမည်ကို သိကြသောကြောင့်ဖြစ်သည်ဆိုသည့် အချက်ကိုလည်း တွေ့ရမည်ဖြစ်သည်။



ဂျပ်ဆင်ကောလိပ်နှင့်မပေါင်းမီ ၁၉၀၀ ပြည့်နှစ်ဝန်းကျင်က ရန်ကုန်ကောလိပ်။



ယခင်ကတည်ရှိခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံ။

❒ စာမျက်နှာ ၆ မှ
၁၁ ဦးတို့သည် ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော် စနေထောင့်တွင် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။ ထိုကျောင်းသားကြီး ၁၁ ဦးမှာ ကိုဘရှင် (သံတွဲ)၊ ကိုဘရှင် (ထားဝယ်)၊ ကိုညီပိုက်၊ ကိုဘိုးလွန်း၊ ကို၆၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘခင်၊ ကိုအောင်ဒင်နှင့် ကိုဘဦးတို့ ဖြစ်ကြသည်။

ထိုကျောင်းသားများသည် သပိတ်စတင်ရန် သပိတ်မှောက်ကျောင်းသားကောင်စီဌာနချုပ်ကို ဦးအရိယ ကျောင်းတိုက်ရှေ့ရှိ ဒေါ်ကြုပ်ဇရပ်တွင် စတင်ခဲ့ကြသည်။ ထို့နောက် သပိတ်မှောက်ကျောင်းသားတို့သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တစ်ဝိုက်၊ ရွှေတိဂုံဘုရားအနီးတွင် သပိတ်စခန်းများဖွင့်ပြီး ကျောင်းသားသပိတ်ကို စတင်တိုက်ပွဲဝင်ခဲ့ကြသည်။ ပြည်သူများအနေဖြင့်လည်း ကျောင်းသားသပိတ်စခန်းများရှိရာသို့ ချီတက်၊ ထောက်ခံအားပေးခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ထိုစဉ်ကဖြစ်ပေါ်ခဲ့သည့် ပထမဆုံး ပညာရေးလှုပ်ရှားမှု ပထမကျောင်းသားသပိတ်ကြီးသည် တစ်မျိုးသားလုံး၏ သခင်စိတ်ဓာတ်ကို ဖော်ပြခဲ့သည်။

ထိုသပိတ်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ဒီးဒုတ်ဦးဘချို၊ သခင်ဘသောင်း၊ သခင်မြ၊ သခင်ဖိုးကွန်း (ဗိုလ်ဖိုးကွန်း)၊ သခင်ဗဂွမ်း၊ သခင်ထွန်းရွှေ၊ သခင်ဗသိန်း၊ သခင်သာဒင်တို့က ဦးဆောင်ပါဝင်ခဲ့ကြကြောင်းလည်း တွေ့ရသည်။ ထို့နောက်တွင် ဗြိတိသျှအစိုးရ၏ တက္ကသိုလ်ပညာရေးဥပဒေသစ်ကို ဆန့်ကျင်သည့်အနေဖြင့် ကောလိပ်သိပ္ပံကျောင်းသားများဦးဆောင်ကာ မြန်မာပြည်တစ်ဝန်းလုံးရှိ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ် - မြန်မာနှစ်ဘာသာသင် ကျောင်းသားများက ကျောင်းသား ကျောင်းသူများ သပိတ်မှောက်ရန် ထွက်ခဲ့ကြသည်။

## အမျိုးသားနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြ

ထိုသို့ ထွက်လာသောနေ့မှာ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) တနင်္လာနေ့ဖြစ်သည်။ ထိုနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများပေါင်းပြီး ယူနီဗာစီတီ အက်ဥပဒေထဲပါ အချက်များကို သပိတ်မှောက်ကြောင်းကြေညာခဲ့ကြသည်။ နယ်ချဲ့အစိုးရကို ပထမဆုံးအန်တုထိုးနှက်ခဲ့သော၊ မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သွားသည့် ကျောင်းသားလှုပ်ရှားမှုကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့ရာ တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်း ၁၄၅ ကျောင်း အထိရှိလာခဲ့သည်။

နယ်ချဲ့အစိုးရကို ပထမဆုံးဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသား သပိတ်မှောက်သည့်နေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် အရေးကြီးသဖြင့် အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် ၁၉၂၁ ခုနှစ်အောက်တိုဘာလတွင် ကျင်းပသည့် ဂျီစီဘီအေ နဝမကွန်ဖရင့်၌ အဆိုတင်သွင်းခဲ့ပြီးနောက် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပသည့် ဂျီစီဘီအေအထူးကွန်ဖရင့်က တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ထိုနေ့ကို သတ်မှတ်ရေးအတွက် ၁၉၂၁ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့၌ ကျင်းပသော ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့ သတ်မှတ်ကျင်းပရန် စဉ်းစားကြသောအခါ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်စတင်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို လက်ခံနိုင်ကြခြင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦး ကော်မတီတွင် ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ဗြိတိသျှကို ပထမဆုံး ထိထိရောက်ရောက် တော်လှန်သောနေ့ဖြစ်သည့် ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့ သတ်မှတ်သင့်ကြောင်း အကြံပေးခဲ့ခြင်းကြောင့် မန္တလေးကွန်ဖရင့်ကြီးက အမျိုးသားနေ့ကို တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ရာ ယနေ့တိုင်အောင် အမျိုးသားနေ့ဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်သည်။

## အမျိုးသားအောင်ပွဲနေ့အဖြစ် ဖြစ်တည်ပြောင်းလဲကျင်းပလာခဲ့ကြ

ကျောင်းသားသပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်လိုက်ပြီးနောက် ထိုနေ့နီးလာသည်နှင့် ကျောင်းသားဟောင်းကြီးများက အမျိုးသားကျောင်းရှိသော မြို့များတွင် အမျိုးသားလှုပ်ရှားမှုများ ပြုလုပ်ရန် နှိုးဆော်ခဲ့ကြသည်။ ပထမဆုံးအမျိုးသားနေ့ကို ခရစ်နှစ် ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမျိုးသားနေ့ စတင်ကျင်းပစဉ်က ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်မဟုတ်။ အမျိုးသားကျောင်းများက အမျိုးသားနေ့ ကျင်းပစဉ် အစိုးရကျောင်းများက စာသင်မပျက်ကြချေ။ ၁၉၃၄ ခုနှစ် ဒေါက်တာဘမော် ပညာရေးဝန်ကြီးဖြစ်လာမှ အမျိုးသားနေ့တွင် ကျောင်းများအားလုံးပိတ်ကာ မျက်နှာမငယ်သော အမျိုးသားနေ့ဖြစ်လာခဲ့သည်။

သို့သော် အစိုးရလခစားဆရာများ အုပ်ချုပ်မှုအောက်တွင် ကျင်းပသဖြင့် အမျိုးသားကျောင်းများနှင့် မတူကွဲပြားနေသည်။ ၁၉၃၇ ခုနှစ် ဒေါက်တာဘမော် ဝန်ကြီးချုပ်ဖြစ်လာမှ အမျိုးသားနေ့ကို အများပြည်သူ ရုံးပိတ်ရက်သတ်မှတ်ပြီး မြန်မာတစ်မျိုးသားလုံး စုပေါင်းကျင်းပလာနိုင်ခဲ့ခြင်းဖြစ်သည်ကိုလည်း လေ့လာမိသည်။ ထိုမှ အမျိုးသားနေ့ရောက်သည်နှင့် ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ ကျောင်းသား ကျောင်းသူများ၏ ပဒေသာကပွဲ၊ ဆရာကြီး ဦးရာဇတ်၏ အစီအစဉ်ဖြင့် စက္ကူဒေါင်း အလံလေးများ ရောင်းချရငွေဖြင့် ပြုလုပ်သည့် နိဗ္ဗာန်ဈေးပွဲ စသည့် ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲ တစ်နိုင်ငံလုံး ဆင်နွှဲသည့်အခါ အမျိုးသားအောင်ပွဲနေ့ဖြစ်လာသည်။ ကျွန်ပညာရေးစနစ်၊ ကျွန်အုပ်ချုပ်ရေးစနစ်အောက်မှ လွတ်မြောက်ရေးအတွက် မြို့တွင်း လှည့်လည်ကြွေးကြော်ကြသည့် အမျိုးသားနေ့ အစစ်အမှန်ဖြစ်လာသည်။ ဆိုရလျှင် အမျိုးသားနေ့သည် သာမန်နေ့ထူးတစ်နေ့ မဟုတ်၊ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားထက်သန်စေသည့် အနှစ်သာရများ လွှမ်းခြုံထားသော မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအောင်ပွဲနေ့ ဖြစ်ကြောင်း တွေ့ရသည်။

## နိုင်ငံရေးအသိလမ်းဖွင့်ပေးကာ အဆင့်ဆင့်တာဝန်ယူရင်း လွတ်လပ်ရေးကို အရယူခဲ့ကြ

သို့အတွက် အထက်တွင်ဖော်ပြခဲ့သည့် သမိုင်းကြောင်းများကို လေ့လာကြည့်လျှင် ကိုလိုနီခေတ်ပညာရေးတွင် နိုင်ငံသားများ ပညာရည်တိုးတက်မှုမရှိစေရန် ဖိနှိပ်ခဲ့သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခဲ့ကြပြီး အမျိုးသားပညာရေးကို မြှင့်တင်တည်ဆောက်ရန် ကြိုးစားလာကြခြင်း၊ သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချိုတို့ အပါအဝင် ကျန်ကျောင်းသားခေါင်းဆောင်များ၊ ကျောင်းသားများက အမျိုးသားတက္ကသိုလ် ပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရသည်။ ထိုစဉ်က အမျိုးသားပညာရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသူများကို အင်္ဂလိပ်တို့က ဖိနှိပ်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အမျိုးသားပညာရေးကို တည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုတို့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ထိုအဖြစ်များနှင့် တစ်ဆက်တည်း မျိုးချစ်စိတ်များ နိုးကြား ပြင်းထန်လာခဲ့ကြ၊ အဆင့်ဆင့် တောင်းဆိုတိုက်ပွဲဝင်လာကြရင်း နောက်ဆုံးတွင် ရန်ကုန်တက္ကသိုလ်ကြီးမှ ကျောင်းသားများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု တို့ကဲ့သို့သော ကိုယ်ကျိုးစွန့် စံပြနိုင်ငံရေးသမားကောင်းကြီးများ ပေါ်ထွက်လာကာ နိုင်ငံလွတ်လပ်ရေးရသည်အထိ ဆက်တိုက် မမိုတ်မသုန် ကြိုးပမ်းခဲ့ကြသည်ကိုလည်း အားကျအတုယူဖွယ်ရာ မြင်တွေ့ကြရမည်ဖြစ်သည်။

ပထမကျောင်းသားသပိတ်သည် ကိုလိုနီခေတ်တွင် ကျောင်းသားများက အင်္ဂလိပ်အစိုးရကို ပထမဆုံး ဆန္ဒပြတောင်းဆိုခဲ့သည့်ပညာရေး တော်လှန်ရေးဖြစ်လာခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းဖို့အတွက် ကျန်သည့် ကျောင်းသားကျောင်းသူများနှင့် နိုင်ငံသားများကို နိုင်ငံရေးအသိလမ်းဖွင့်ပေးခဲ့သည့် သပိတ်အဖြစ်လည်း မြင်တွေ့ရသည်။

သို့အတွက် ထိုအမျိုးသားအောင်ပွဲနေ့သည် မြန်မာ့လွတ်လပ်ရေးရအောင် တွန်းပို့ပေးခဲ့သည့် အရေးပါသည့် နေ့တစ်နေ့အဖြစ်လည်း ဖြစ်ခဲ့ရသည်။

## ရာပြည့်အမျိုးသားနေ့အောင်ပွဲကို ဂုဏ်ပြုကြိုဆို၊ ပါဝင်ထမ်းရွက်ကြရင်းဖြင့် ပညာရေးကို မြှင့်တင်ကြစေလို

၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်မည့် နှစ် ၁၀၀ ပြည့် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုရန် ထိုနေ့တွင် အခမ်းအနားများ ကျင်းပရန် စီစဉ်နေကြခြင်း၊ အမျိုးသားအောင်ပွဲနေ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်ကလေးငယ်များအား ကလေးပန်းချီပြိုင်ပွဲများ ကျင်းပခြင်း၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများကို ကျင်းပရန် စီစဉ်ဆောင်ရွက်နေကြသည့် သတင်းများကိုလည်းတွေ့ကြရမည်။

နှစ် ၁၀၀ ပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ပထမကျောင်းသား သပိတ်စတင်ခဲ့ရာ ဦးအရိယ ကျောင်းတိုက်နှင့် သပိတ်မှောက်ကျောက်တိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းကာ ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်မည့်သတင်းများကိုလည်း ကြားနေရသည့်အတွက် ကျွန်ုပ်တို့အားလုံးအနေဖြင့် မကြာမီကျရောက်လာတော့မည့် အမျိုးသားအောင်ပွဲနေ့ ရာပြည့်သဘင် အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုကြိုဆိုရင်း နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ပညာရေးကို ဝိုင်းဝန်းမြှင့်တင်ကာ အနာဂတ်နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်၊ ငြိမ်းချမ်းသာယာအောင် ပါဝင်ထမ်းရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။



## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- ❖ အမည်ရင်း ဦးသန်းဖြိုးနိုင်ဖြစ်သည်။
- ❖ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာတွင် မွေးဖွားခဲ့သည်။ ဖခင် ဦးညဏ်တင်၊ မိခင် ဒေါ်သန်းခင် ဖြစ်သည်။
- ❖ ၁၉၉၁ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် မကွေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(သမိုင်း)၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်၊ အဝေးသင်တက္ကသိုလ်မှ ဘွဲ့လွန်ဥပဒေပညာဒီပလိုမာဘွဲ့ကိုရရှိခဲ့သည်။ လက်ရှိတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် L.L.B (ဒုတိယနှစ်) တက်ရောက်သင်ကြားလျက်ရှိသည်။
- ❖ ၂၀၁၄ ခုနှစ်မှစ၍ မြန်မာ့အလင်း၊ ကြေးမုံနှင့် ပုဂ္ဂလိကသတင်းစာများတွင် သန်းဖြိုးနိုင် (ကညင်ကျိုး)၊ သန်းဖြိုးနိုင်၊ ရန်ကြီးအောင် (ဥပဒေ) ကလောင်အမည်များဖြင့် နိုင်ငံရေး၊ ဥပဒေပြုရေး အသိပညာပေး ဆောင်းပါးပုဒ်ရေ ၄၀၀ ခန့်ရေးသားဖော်ပြခဲ့သည်။
- ❖ ၁၉၉၁ ခုနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်အမှုထမ်းခဲ့ပြီး လက်ရှိတွင် ပြည်ထောင်စုလွှတ်တော်ရုံး၊ ဥပဒေပြုရေးဌာနကြီးတွင် ညွှန်ကြားရေးမှူးအဆင့်ဖြင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်လျက်ရှိသည်။



# မန္တလေး မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်း အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေး မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အကြီးစားပြင်ဆင်မှု လုပ်ငန်းများအား ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း မန္တလေး မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထံမှ သိရသည်။

"ကိုဗစ်-၁၉ ရောဂါကြောင့် ဘုရားဖူးတွေ စတင်ကန့်သတ်လိုက်တဲ့ မတ် ၂၉ ရက်ကစတင်ပြီး အကြီးစားပြင်ဆင်မှုလုပ်ငန်းတွေဆောင်ရွက်ခဲ့ပါတယ်၊ ဘုရားဖူးအများဆုံးဝင်/ထွက်သွားလာတဲ့ အရှေ့ဘက်စောင်းတန်းနဲ့ မြောက်ဘက်စောင်းတန်းတွေကို အကြီးစားမွမ်းမံပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်၊ ခုချိန်မှာတော့ မြောက်ဘက်စောင်းတန်း အနောက်ဘက်အလှနဲ့ တတိယမဟာရံတံတိုင်းအလှကို ပြန်မြင်ရပါပြီ။ ပန်းတန်းနဲ့ ကားလမ်းကြားမှာ သစ်ပင်တွေ၊ ပန်းပင်တွေစိုက်ပြီး အလှပုံဖော်လိုက်တယ်၊ ဘုရားဖူးတွေအနေနဲ့ ဘုရားထဲဝင်ဝင်လာချင်းကို စိတ်ချမ်းသာသွားအောင် ဆောင်ရွက်လိုက်တာပါ" ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောကြားသည်။

မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်း၌ အကြီးစားပြင်ဆင်မှုလုပ်ငန်းများတွင် မဟာဗုဒ္ဓဝင်ဗိမာန်တော်ကြီး၊ စောင်းတန်းများ၊ ဇရပ်များ၊ ဥယျာဉ်ငယ်များ၊ ကားပါကင်များ၊ လိပ်ကန်၊ ငါးကန်၊ ဝန်ထမ်းအိမ်ရာတည်ဆောက်မှုများ၊ အခြားအသေးစားပြင်ဆင်မှုများနှင့် ပြင်ဆင်မှုအတွက် အခြားအလှူခံရရှိမှုများအပါအဝင် ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော် အကုန်အကျခံဆောင်ရွက်လျက်ရှိကြောင်းသိရပြီး လုပ်ငန်းအတော်တော်များများ ပြီးစီးနေပြီဖြစ်သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ကွန်းကြမ်းမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကွန်းကြမ်း ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်းကြမ်းမြို့နယ် ရှောက်ကိုင်-ရီဟော်လင်-လုံထန်-ရှင်းထန်လမ်း (၂၀/၀) မိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြေသားလမ်း (၂၀/၀) မိုင်နှင့် Box Culvert ၁၃ စင်းအား ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါမြေသားလမ်း (၂၀/၀) မိုင်အနက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကျောက်ချောလမ်း (၁၁/၀) မိုင်၊ ပေ ၃၀ ကွန်ကရစ်တံတားတစ်စင်းနှင့် ရေပြွန်ငါးစင်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၂၀၈ ဒသမ ၂၂ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းပိုင်းအနက် ကျန်ရှိသည့်မြေသားလမ်း (၉/၀) မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၁/၄) မိုင်နှင့် လိုအပ်သောနေရာများတွင် (၅x၅x၂၆) ပေ Box Culvert လေးစင်းအား ခွင့်ပြုရန်ပုံငွေကျပ် ၂၂၇ ဒသမ ၇၇၀ သန်းဖြင့် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငွေကြယ်**

# မြန်မာနိုင်ငံ၏ အကြီးဆုံးရေကူးကန် မြစ်ကြီးနားမြို့၌ တည်ဆောက်မည်

**မြစ်ကြီးနား ဒီဇင်ဘာ ၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် မြစ်ကြီးနားမြို့၌ အားကစားကဏ္ဍပေါင်းစုံပါဝင်ပြီး ခေတ်မီသည့် အားကစားရပ်ဝန်း ပေါ်ပေါက်လာစေရေးနိုင်ငံအတွင်း အကြီးဆုံးရေကူးကန် တည်ဆောက်ရေးစီမံကိန်းအတွက် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြစ်ကြီးနားမြို့ သီတာရပ်ကွက် ငြိမ်းချမ်းသာယာအားကစားကွင်း၏ (ကားကြီးကွင်းအဟောင်း) နေရာ၌ တည်ဆောက်သွားမည့် ရေကူးလမ်းပြေးလမ်း ၁၀ လမ်းပါ အလျားပေ ၁၅၀၊ အနံ ၇၅ ပေရှိရေကူးကန်အပါအဝင် သန့်စင်ခန်း၊ နားနေခန်းများ၊ ပွဲကြည့်စင်၊ ဆေးအဖွဲ့၊ ဒိုင်အဖွဲ့၊ ရုံးအဖွဲ့အခန်းများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးရေကူးကန် တည်ဆောက်မည့်စီမံကိန်းနှင့် အားကစားနည်းပေါင်းစုံ ပါဝင်ပြီး အားကစားပစ္စည်းဆိုင်ခန်းများ၊ ဈေးဆိုင်ခန်းများ ပါဝင်သည့် ဘက်စုံအားကစားရပ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သူနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အားကစားနည်းပေါင်းစုံကစားနိုင်ပြီး အားကစားပစ္စည်းဆိုင်ခန်းများ၊ ဈေးဆိုင်ခန်းများဖြင့် ခေတ်မီအဆင့်မြင့်သည့် အားကစားရပ်ဝန်းတစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် ရှိသည့်မြေနေရာတွင် စနစ်တကျရေးဆွဲ၍ စီမံကိန်းအကောင်အထည်ဖော်ရေး ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ကမ်းနားလမ်း၌ တည်ဆောက်လျက်ရှိသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဧည့်ရိပ်သာဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း အဆောက်အအုံအတွင်း ပါဝင်သည့် အိပ်ခန်းများ၊ ဧည့်ခန်းများ၊ အစည်းအဝေးခန်းမ၊ ဧည့်တွေ့ခန်းမများ၊ ထိန်းချုပ်ခန်းများ၊ မြေယာရှုခင်းအလှဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**





# ပဲခူးမြစ်ကူးတံတား (ကဝ)နှင့် ကျားတက်တံတား(ပိုင်ကျုံ) ကွန်ကရစ်တံတားဖွင့်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကဝမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကူးတံတား(ကဝ)နှင့် ကျားတက်တံတား(ပိုင်ကျုံ) ကွန်ကရစ်တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းကကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက လက်ရှိအသုံးပြုနေသည့် ပဲခူးမြစ်ကူးတံတား(ကဝ) ဘေလီတံတားသည် တစ်လမ်းသွားဘေလီတံတားဖြစ်ပြီး ကဝမြို့တွင်းကို ဖြတ်သန်းသွားလာရသည့်အတွက် ယာဉ်ကြောကျပ်တည်းမှုများဖြစ်ပေါ်ကာ ယာဉ်အန္တရာယ်များပြားလာသောကြောင့် ကဝမြို့ရှောင်လမ်းကို တည်ဆောက်ရခြင်းဖြစ်ပြီး ကဝမြို့ကြီးဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီမှုရှိစေရန် ပဲခူးမြစ်ကူးတံတား(ကဝ) သံကူကွန်ကရစ်တံတားသစ်ကြီးကို ကဝမြို့ရှောင်လမ်းပေါ်တွင် တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ပဲခူးမြစ်ကူးတံတား (ကဝ) ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား (ကဝ)သည် ပဲခူးခရိုင် ကဝမြို့နယ် ကဝမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကိုဖြတ်၍ အရှည်ပေ ၆၀၀၊ အကျယ်ပေ ၃၀၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက် တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ပြီးစီးသွားသဖြင့် အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်းကို ဆက်သွယ်ပေးပြီး ရန်ကုန်-ခရမ်း-သုံးခွ-သနပ်ပင်-ပဲခူးလမ်းမကြီးကိုလည်း ချိတ်ဆက်ပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် များစွာအရေးပါလှသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ကျိုက်ပဒိုင်-တာဝ- ပိုင်ကျုံ- ဖလေးလမ်းပေါ်ရှိ ပိုင်ကျုံချောင်းကိုဖြတ်၍ အရှည်ပေ ၂၅၀၊ အကျယ်ပေ ၂၀ ရှိကျားတက်တံတား(ပိုင်ကျုံ) ကွန်ကရစ်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားပေါ်ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။ **တင်စိုး(ပဲခူး)**

# ပွင့်ဖြူမြို့နယ်၌ အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**ပွင့်ဖြူ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ပွင့်သာမြေစာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း စီစဉ်ကျင်းပသည့် အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးဆောင်ပါဝင်ဆွေးနွေးသူ ပွင့်ဖြူမြို့နယ် ပွင့်သာမြေ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းမှ အဖွဲ့ဝင်ဖြစ်သူ ဆရာမ ဒေါ်မြင့်မြင့်အေးက မြို့နယ်အတွင်း ဒေသခံပြည်သူများနှင့် ကျောင်းနေအရွယ်ကလေးများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရင့်သန်ထက်မြက်စေရန် ရည်ရွယ်၍ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် အမျိုးသားပညာရေးအကြောင်း သိကောင်းစရာများ၊ အမျိုးသားရေးဦးတည်ချက်များနှင့် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်စေမည့် သိမှတ်ဖွယ်ရာစာပေများကို ကဏ္ဍစုံလင်စွာ အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလတွင် ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခြင်းများကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိကြောင်း ပွင့်ဖြူ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



# ထန်းတပင်မြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းဝတ်ဆင်သွားလာရေးလှုပ်ရှားမှု ဆောင်ရွက်

**ထန်းတပင် ဒီဇင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကိုဗစ်–၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းများ ဝတ်ဆင်သွားလာရေးလှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းက မြို့မဈေးရှေ့နှင့်လမ်းဆုံ ကားဂိတ်တို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နှာခေါင်းစည်း ဝတ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးသန့်ဇော်ဝင်းနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်နွဲ့နွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် မြို့မပရဟိတလူငယ် အဖွဲ့ဝင်များက ထန်းတပင်မြို့မဈေးရှိ ဈေးသည်များ၊ မြို့မဈေးသို့ လာရောက်ဈေးဝယ်ကြသူများ၊ ဈေးနှင့် လမ်းဆုံကားဂိတ်ရှေ့ဖြတ်သန်းသွားလာနေကြသူများအား နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိပါက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေဆောင်ရွက်ခြင်း၊ ဝတ်ဆင်ထားသည့် နှာခေါင်းစည်း ဟောင်းနွမ်းနေပါကလည်း အသစ်လဲလှယ်ဝတ်ဆင်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး နေအိမ်ပြင်ပထွက်ခွာသွားလာရာတွင် နှာခေါင်းစည်းမဖြစ်မနေ ဝတ်ဆင်သွားလာစေရေး အသိပညာပေးဆောင်ရွက်ခဲ့ကြကာ ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် အသိပညာပေးလက်ကမ်းစာစောင်များကိုပါ ဖြန့်ဝေဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# တီးတိန်မြို့နယ်၌ အစိုးရဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးများ ဒီဇင်ဘာ ၁၅ ရက်နေ့မှ စတင်ထုတ်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ချင်းပြည်နယ် တီးတိန်မြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၊ အသင်းသားများ၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေအပေါ် အတိုးများ ဒီဇင်ဘာ ၁၅ ရက်နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

တီးတိန်မြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်တွင် အသင်းသားဦးရေ စုစုပေါင်း ၁၉၆၉ ဦးရှိပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အသင်းသားများ၏ စုငွေအပေါ် အတိုး ၄၂၂၀၀၀၀၀ ကျပ်အား စုဆောင်းငွေအတိုင်း အမြတ်အချိုးကျ ခွဲဝေထုတ်ပေးသွားမည်ဖြစ်ကြောင်း ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အမှုဆောင်ကော်မတီအဖွဲ့ထံမှ သိရသည်။

**လျှန်ပီး(သတင်းစဉ်)**

# မိုးကောင်းမြို့၌ နှာခေါင်းစည်း ဝတ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**မိုးကောင်း ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက် နာဆောင်ရွက်စေရန် ရည်ရွယ်၍ နှာခေါင်းစည်း စနစ်တကျဝတ်ဆင်ရေး နှင့် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ် ရပ်ကွက်ဈေးများတွင် ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရန် မြို့နယ်ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းအဖွဲ့သည် အဖွဲ့လေးဖွဲ့ခွဲကာ မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရပ်ကွက်ဈေးများရှိ ဈေးသွားဈေးလာများ၊ ဈေးရောင်းချသူများအား နှာခေါင်းစည်းနှင့် မျက်နှာအကာများ စနစ်တကျဝတ်ဆင်ရန် အသိပညာပေးခြင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**





# ဂန့်ဂေါ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် လုံခြုံရေးစစ်ဆေး

**ဂန့်ဂေါ ဒီဇင်ဘာ ၆**

ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေးနှင့်လုံခြုံရေးလုပ်ငန်းများအတွက် ဂန့်ဂေါမြို့ မြို့ဝင်၊ မြို့ထွက်နေရာများတွင်လည်းကောင်း၊ မြောက်ကုန်းရပ်ကွက် အဝင်တွင်လည်းကောင်း၊ ဂန့်ဂေါမြို့နယ် ကျောမြို့ မြို့ဝင်၊ မြို့ထွက် နေရာများတွင်လည်းကောင်း၊ ဂန့်ဂေါ– အိုက်ကာ လမ်းဆုံဖြစ်သည့် အောင်မြင်ရွာတွင်လည်းကောင်း၊ လုံခြုံရေးဂိတ်များဖွင့်လှစ်၍ မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်မောင်းများ၊ ယာဉ်ဖြင့်လိုက်ပါလာသည့် ခရီးသည်များအား ကျန်းမာရေးထောက်ခံစာ ပါ၊ မပါနှင့် (RDT) Rapid Test Kit စစ်ဆေး၍ ရောဂါပိုးမရှိကြောင်း အထောက်အထားရရှိမှသာ ဆက်လက်ထွက်ခွာခွင့်ပြုခြင်းဖြစ်သည်။

ထို့ပြင် ဂန့်ဂေါမြို့ မြို့ဝင်ဖြတ်လမ်း (ပြာပုံတောင်အလံကြိုလမ်း)တွင်ကိုဗစ်–၁၉ရောဂါကာကွယ်ထိန်းချုပ်သည့်ကာလအတွင်း ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာခြင်းမပြုရန် သက်ဆိုင်ရာက ယနေ့တွင် ပန်ကြားထားကြောင်း သိရသည်။

**စိန်ကျော်**

# အင်းစိန်မြို့နယ်အတွင်း အုတ်စီ ရေမြောင်း၊ ရေမြောင်းဖုံး ဆောင်ရွက်မှုနှင့် ကွန်ကရစ်လမ်းသစ်များ ခင်းကျင်းနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀–၂၀၂၁ ဘတ်ဂျက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတား ၊ ရေစီးရေလာ၊ ရေသန့်၊ တာဝန်ခံများက တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်တွင် အုတ်စီ ရေမြောင်း၊ ရေမြောင်းဖုံးနှင့် ၁/၁၁လမ်းအရှည် ၇၄၂ပေ၊ ကြို့ကုန် အရှေ့ (၄)လမ်းမြောက်ရှိ လမ်းအရှည် ၆၉၇ ပေ၊ တောင်သူကုန်းရပ်ကွက် သာယာအေးလမ်း အရှည်ပေ ၃၃၀၊ စော်ဘွားကြီးကုန်းနှင့် တောင်သူကုန်းရပ်ကွက်ချင်းဆက်ဖြတ်လမ်းအရှည် ပေ ၆၀၀ နှင့် စော်ဘွားကြီးကုန်း မြကန်သာလမ်း၊ အရှည်ပေ ၁၉၀၀ ရှိလမ်းများအား ကွန်ကရစ်လမ်းသစ်များ၊ ကွန်ကရစ်ခင်းကျင်းနေမှုများနှင့် ယင်းလမ်းများဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများ၊ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများကို အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဦးနှင့် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်တို့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မြို့နယ်စည်ပင် လမ်းတံတား၊ ရေစီးရေလာ၊ ရေသန့် တာဝန်ခံများ လိုက်ပါလျက် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးကြရာတွင် အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့က လုပ်ငန်းတာဝန်ခံများအား ပြည်သူများ၏ အခွန်ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေး ၊ လမ်းများ၊ ရေမြောင်းများ ရေရှည်အသုံးပြုသွားနိုင်စေရေးအတွက် လုပ်ငန်းအပေါ် စေတနာထား ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြရန်တို့ကို အားပေးတိုက်တွန်းခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

❒ **ပဉ္စမအကြိမ်မှ**

ပွဲစဉ်(၂) ၆၃ ဒသမ ၅ ကီလိုတန်း ယှဉ်ပြိုင်ကြသည့် စောရွှေလေး(တို့ရိုးရာ)နှင့်အဖိုးသွေး(အဖြူရောင်သွေးသစ်)တို့သရေပွဲတွင်လည်း အဖိုးသွေးက ဒုတိယအချီတွင် အမှတ်စဉ်အရေခံ စတုတ္ထအချီတွင် အနားတောင်းရပြီး စောရွှေလေးက စတုတ္ထအချီတွင် အမှတ်စဉ်အရေခံရသည်။

**အကွဲထိုးအနိုင်ယူ**

ပွဲစဉ်(၃)က တစ်ပွဲတည်းသော လေးချီပွဲဖြစ်ပြီး ၆၇ ကီလိုတန်းဖြစ်သည်။ တတိယအချီမှာပင် စောအရိုင်း(ခ) Arai (သတ္တိ/ဂျပန်) ကို ခနေအောင်(အဖြူရောင်သွေးသစ်)က အကွဲထိုးအနိုင်ယူလိုက်သည်။ ပွဲစဉ်(၄)တွင် ၆၂ ကီလို ပြိုင်ဘက်နှစ်ဦးဖြစ်သော ကျားသွေး(TTM)နှင့် သားဒိန်း(ဖိုးရာဇာ)တို့အကြိတ်အနယ်လက်ရည်တူ ယှဉ်ပြိုင်ကြရင်း သရေပွဲဖြစ်သွားသည်။

ပွဲစဉ်(၅)က ၆၃ ဒသမ ၅ ကီလို ပြိုင်ဘက်ဟောင်းနှစ်ဦး ပြန်ဆုံကြခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်က မန္တလေးတွင် နယ်ခံလက်ဝှေ့သမား ဗျူဠ(ကျားဖြူ)ကို စတုတ္ထအချီ၌ လက်ဆုံပြုတ်ဒဏ်ရာကြောင့် အရှုံးပေးခဲ့ရသော စောထိန်လင်း(တို့ရိုးရာ)က ယခုပွဲတွင် တိုက်စစ်အားပြိုင်၍ သရေပွဲလုလုထိုးသတ်သွားသည်။

ပွဲစဉ်(၆)နောက်ဆုံးတွဲဆိုင်းတွင် ပထမဆုံးအကြိမ်ရင်ဆိုင်တွေ့ကြသည့် ထွန်းထွန်းမင်း(TTM)နှင့် ရာမာဉ်(ရာဇာဓိရာဇ်)တို့က ၈၀ ကီလိုတန်းဖြစ်သည်။

**သရေပွဲဖြစ်သွား**

ပထမတန်းချန်ပီယံဖြစ်ခဲ့ဖူးသော သမ္ဘာရင့်လက်ဝှေ့သမား ထွန်းထွန်းမင်းအနိုင်ရလိမ့်မည်ဟု သူ၏အမာခံပရိသတ်များကမျှော်လင့်ခဲ့ကြသော်လည်း ရာမာဉ်က ဆိုင်ထိုးပြိုင်ထိုးမလုပ်ဘဲ အနင်းအတားများ အလစ်အငိုက်တစ်လုံးကောင်းထောက်ဖြောင့် လက်သီးများဖြင့် ပွဲကိုထိန်းနိုင်သကဲ့သို့ ထွန်းထွန်းမင်းကလည်း ပုံမှန်လက်ရည်မပေါ်သည့်အတွက် သရေပွဲဖြစ်သွားသည်။

ယခုကျင်းပခဲ့သော MLWC –5 ပွဲကြီးသည် နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း ကျင်းပခဲ့သည်မှာ ပဉ္စမမြောက်ဖြစ်လာခဲ့ပြီး ကိုဗစ် –၁၉ ကာလတွင် ညွှန်ကြားချက်များနှင့်အညီကျင်းပ ၍ ပထမဆုံး ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ပြသသောပွဲဖြစ်ကြောင်း စီစဉ်သူ ဦးဝဏ္ဏ(ခ)ဆရာမာဂျေက ပြောကြားသည်။

**သတင်း– ဇင်လင်းထွန်း၊ ဓာတ်ပုံ – MLWC**

**ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ထိပ်တန်းသို့ မြန်မာနိုင်ငံရောက်ဖို့ မြင့်ရန်အရေးဝယ် လူထု၏ နိမ့်မြင့်ပညာ ဉာဏ်ရည်လိုက်လို့ မြင့်နိုင်မယ်

**ဆူးငှက်**

အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်းက မန္တလေး ဗဟိုအမျိုးသားကျောင်းထွက် ဖြစ်ခဲ့တယ်။

**မန္တလေးက အမျိုးသားကျောင်းတွေ**

ပထမကျောင်းသားသပိတ်ကြီးကြောင့် အမျိုးသားကျောင်းတွေဖွင့်လှစ်ရာမှာ မန္တလေးက ဆရာကြီးဦးရာဇတ်ဦးဆောင်ပြီး တက်ကြွစွာပါဝင်ခဲ့တယ်။ ဒါ့အပြင် မန္တလေးမှာ (၁) လမ်း၈၀နဲ့ ၈၁လမ်းကြား၊ လမ်း ၃၀နဲ့ ၃၁ လမ်းကြား၊ အထက်ဆင့်ဝင်းထဲက ဗဟိုပိဋကတ်တိုက် အဆောက်အဦကြီးမှာဖွင့်လှစ်တဲ့ ဗဟိုအမျိုးသားကျောင်း၊ (၂) လမ်း၈၀ တရုတ်တန်း၊ လမ်း၃၀နဲ့ ၃၁လမ်းကြား၊ ဦးစိုးမင်းတိုက်မှာ ဆရာမကြီး ဒေါ်စောအုံကျောင်းအုပ်အဖြစ်ဆောင်ရွက်တဲ့ နေရှင်နယ်အမျိုးသမီးကျောင်း၊ (၃) ဆိုင်းတန်း သဘော်တန်းရပ်မှာ နေရှင်နယ် အလယ်တန်းကျောင်းနဲ့ (၄) ညောင်ပင်ဈေးမှာ ညောင်ပင်ဈေး နေရှင်နယ်ကျောင်းဆိုပြီး လေးကျောင်းဖွင့်လှစ်ခဲ့တယ်။ မန္တလေးက အမျိုးသားကျောင်းတွေဟာ ဆရာကြီးဦးရာဇတ်ရဲ့ အမြော်အမြင်ကြောင့် ဂျီစီဘီအေကြီးနှစ်ခြမ်းအကွဲ၊ အမျိုးသားကျောင်းများ အထောက်အပံ့ခံရေး၊ မခံရေး သဘောထားကွဲမှုမှာ ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီး တည်တံ့ခဲ့တယ်။ ဒီကနေ့အထိ အမှတ် (၂) အ.ထ.က အဖြစ်နဲ့အထိပေါ့။ မန္တလေးမြို့မိမြို့ဖတွေကလည်း ဗဟိုအမျိုးသားကျောင်းကြီးကို အားပေးထောက်ခံခဲ့ကြရုံမက ကိုယ့်သားသမီးတွေကိုလည်း ဆရာကြီးဦးရာဇတ်ဆီ အပ်နှံကာ ဗဟိုအမျိုးသားကျောင်းမှာပဲ ကျောင်းအပ်ခဲ့ကြတာပါ။ ဒါကြောင့် မန္တလေးရဲ့ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစတဲ့ မျက်နှာစာက ထင်ရှားတဲ့ပုဂ္ဂိုလ်ကြီးတွေအများစုဟာ အမျိုးသားကျောင်းထွက်တွေ အများစုဖြစ်ခဲ့တယ်။

**ပထမကျောင်းသားသပိတ်ကြီးအပြီး**

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်)နေ့မှာ ရန်ကုန်တက္ကသိုလ်က တက္ကသိုလ်အက်ဥပဒေကိုမကျေနပ်လို့ သပိတ်မှောက်ကြတယ်။ ကျောင်းသားကိုဘဦးအပါအဝင် (၁၁) ဦးက ဦးဆောင်ပြီး သပိတ်မှောက်ကြတာပါ။ ဒီ ပထမကျောင်းသားသပိတ်ဟာ မြန်မာနိုင်ငံရဲ့ ပညာရေးဆိုင်ရာအသိအမြင်တွေကို ပထမဆုံးစတင်ထိုးဖောက် အမြင်ကျယ်စေတဲ့ သမိုင်းဝင်လှုပ်ရှားမှုကြီးပါပဲ။ ကိုယ့်နိုင်ငံရဲ့ ကြမ္မာကို ကိုယ့်ဘာသာစီမံခန့်ခွဲနိုင်ဖို့ ကိုယ်ပိုင်အတွေးအခေါ်မြှင့်တင်ရေးမှာ အမျိုးသားပညာရေးက အရေးပါကြောင်း လှုံ့ဆော်လိုက်တဲ့ လှုပ်ရှားမှုကြီးလည်း ဖြစ်ခဲ့တယ်။ ဒါကြောင့် ပထမကျောင်းသားသပိတ်ကြီးအပြီး ရန်ကုန်မှာ ဗဟန်း အမျိုးသားကောလိပ်နဲ့ အမျိုးသားကျောင်းများ အပြင် တစ်ပြည်လုံးအတိုင်းအတာအထိ အမျိုးသားကျောင်းတွေ ဖွင့်လှစ်နိုင်ခဲ့ကြတယ်။

**အမျိုးသားနေ့အဖြစ် သတ်မှတ်နိုင်ဖို့**

ဒါကြောင့် ၁၂၈၃ ခု သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (၁၉၂၁ ခု အောက်တိုဘာ ၂၄ ရက်) နေ့က မန္တလေးမှာကျင်းပတဲ့ နဝမမြောက် ဂျီစီဘီအေအသင်းအစည်းအဝေးကြီးမှာ ပထမကျောင်းသားသပိတ်ကြီး စတင်တဲ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်နိုင်ဖို့ အတည်ပြုနိုင်ခဲ့တယ်။ ဒါကြောင့် ၁၂၈၃ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကစတင်ပြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ အမျိုးသားအောင်ပွဲနေ့တွေ စတင်ကျင်းပခဲ့ကြတယ်။ နောင်တစ်ချိန်မှာ ပထမကျောင်းသားသပိတ်ကြီးရဲ့ အသီးအပွင့်ဖြစ်တဲ့ အမျိုးသားကျောင်းတွေက အမျိုးသားအောင်ပွဲနေ့တွေကို ထူးထူးခြားခြားကျင်းပခဲ့ကြတာလည်း အထင်အရှားပါပဲ။

**အမျိုးသားနေ့ ဂုဏ်ပြုသီချင်း**

နှစ်စဉ်ကျင်းပတဲ့ အမျိုးသားအောင်ပွဲနေ့တွေမှာ မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းက ပဒေသာကပွဲများအထိ ပါဝင်ဆင်နွှဲကြတော့ ဆရာမြို့မငြိမ်းက အမှတ်တရဂုဏ်ပြုသီချင်းတွေ နှစ်တိုင်း ရေးစပ်ပေးခဲ့ပါတယ်။ ပြန်လည်စုဆောင်း၊ ရှာဖွေစုဆောင်းတော့ ဆရာမြို့မငြိမ်းရေးစပ်ခဲ့တဲ့ အမျိုးသားနေ့ဂုဏ်ပြုသီချင်း ငါးပုဒ် တွေ့ရှိခဲ့ပါတယ်။

"ထောင့်နှစ်ရာရှစ်ဆယ့်နှစ်တွင် အတိတ်ခေတ် ကြေးမုံပြင်၊ ပြန်လည်သုံးသပ်ကာမြင်၊ ဂုဏ်ယူလောက်ဖွယ်ပင်....." လို့ အစချီတဲ့ ဆရာမြို့မငြိမ်းရဲ့ သီချင်းမှာ သူ့မိခင်ကျောင်းတော်ကြီးကိုလည်း အခုလို ဂုဏ်ပြုစပ်ဆိုခဲ့ပါသေးတယ်။



"ကောင်းသော မိုးသောက်ထမှာ ဒို့မြင် x x x ကိုယ့်စိတ်လန်းဆတ်ကြည်လင်၊ ဝမ်းမြောက်ပျော်ရွှင် x x x ကျက်သရေပင် အိမ်တိုင်းစေ့ ရှုမငြီး၊ အလံတော်ကြီးတွေ ဝေဖြာလွင် x x x တခုံတမင် ဗဟိုအမျိုးသားကျောင်း သောင်းသောင်းဖြဖြ x x x အောင်ပွဲသဘင် ဆင်မြဲဝင်နွှဲ အကြိမ်ကြိမ်ပင် x x x" တဲ့။

**လွတ်လပ်ရေးရယူစေသော မျိုးစေ့ပင်**

အမျိုးသားအောင်ပွဲနေ့အတွက် ဆရာမြို့မငြိမ်းစပ်ဆိုခဲ့တဲ့ နောက်ထပ်သီချင်းတစ်ပုဒ်မှာ "လွတ်လပ်ရေးရယူစေသော မျိုးစေ့ပင်၊ ဒီနေ့ မျိုးစိုက်သည့်တွင်၊ ဒို့အောင်မြင်" ဆိုတဲ့စာသားတစ်ပိုဒ်ပါဝင်တယ်။ အင်မတန် ကျစ်လျစ်အားကောင်းပြီး အဓိပ္ပာယ်လေးနက်ပါတယ်။ ကျွန်ပညာရေးကို မလိုလား လက်မခံဘူးဆိုတဲ့ခံယူချက်နဲ့ သပိတ်မှောက်တယ်။ ဒီလုပ်ဆောင်ချက်နဲ့ တစ်ဆက်တည်း အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာတယ်။ အမျိုးသားကျောင်းတွေက လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်စုံတဲ့ သားကောင်းသမီးကောင်းတွေ မွေးထုတ်ပေးတယ်။ ဒီသားကောင်းသမီးကောင်းတွေက လွတ်လပ်ရေးတိုက်ပွဲမှာ အဓိကအားအင်တွေဖြစ်ခဲ့တယ်။ ဒါကို ဆရာမြို့မငြိမ်းက အကျစ်လျစ်ဆုံး အားကောင်းတဲ့စကားလုံးတွေနဲ့ ရေးစပ်ခဲ့တာပါ။

ဆရာမြို့မငြိမ်းရဲ့ အမျိုးသားနေ့ဂုဏ်ပြု နောက်ထပ်သီချင်းတစ်ပုဒ်မှာတော့...

"ပညာရေးလောကကြီးပေါက်ဖွားစေ x x x အမျိုးသားနေ့ မမေ့အပ်ပေ ထူးမြတ်သလေ x x x အောင်ပွဲဆင်မြဲ ကျောင်းသားကျောင်းသူ မောင်မယ်ဆွေ x x x အမျိုးစိတ်တွေ မြင့်လျက်တိုးတက်နေ x x x ဒို့မြေဒို့ပြေ၊ ဒို့မြေဒို့ပြေ ဘိုးဘွားများအမွေ x x x ပြည်ထောင်စုကိုမြတ်နိုး အကျိုးဆောင်မယ်လေ" တဲ့။ အမျိုးသားအောင်ပွဲနေ့လို့ သတ်မှတ်လိုက်တဲ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့က အမျိုးသားပညာရေးလောကကြီး ပေါ်ပေါက်လာခဲ့ပုံကို မှတ်တမ်းတင်လိုက်ခြင်းပါပဲ။

**တိုင်းပြည် ထိပ်တန်းရောက်ဖို့**

ဆရာမြို့မငြိမ်းရဲ့ နောက်ထပ်သီချင်းတစ်ပုဒ်ကတော့ တစ်ပုဒ်လုံးမှု အဓိပ္ပာယ်လေးနက်လှပါတယ်။ ခေတ်အမြင်ခေတ်အတွေးနဲ့ အမြင်ကျယ်လှပါတယ်လို့ ပြောရပါမယ်။ တိုင်းပြည်ဟာ ခေတ်နဲ့အညီ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် ပညာရေးက အရေးကြီးကြောင်း၊ တိုင်းသူပြည်သား (လူထု)ရဲ့ ပညာဉာဏ်ရည် အနိမ့်အမြင့်ကိုလိုက်ပြီး တိုင်းပြည်ရဲ့ အဆင့်အတန်း အနိမ့်အမြင့်ရှိနိုင်တယ်။ တိုင်းပြည်ထိပ်တန်းရောက်ဖို့ လူထုရဲ့ ပညာဉာဏ်ရည် အနိမ့်အမြင့်က အရေးပါတယ်လို့ လေးနက်စွာဖွင့်ဆိုလိုက်ခြင်းပါ။

၁ – "ထိပ်တန်းသို့ မြန်မာနိုင်ငံရောက်ဖို့ မြင့်ရန်အရေးဝယ် x x x လူထု၏နိမ့်မြင့်ပညာ ဉာဏ်ရည်လိုက်လို့ မြင့်နိုင်မယ် x x x ထို့ကြောင့် လူငယ်၊ မြန်မာပြည်ဖွား တိုင်းရင်းသားမောင်မယ် x x x သင်ကြားအားထုတ် ကြိုးကုတ်ပညာ မလင့်မီအခါဝယ် x x x ကြီးလာတော့ တိုင်းပြည်အကျိုး ထမ်းပိုးနိုင်မယ် နောက်နောင်ဝယ်"

Cho: "ဆည်းပူးလေ့လာတယ် x x x အလောင်းတော်ဘုန်းကြွယ် x x x ဖ နှစ်တိုင်တိုင် ဉာဏ်ပညာရေး တွေးကြံတယ် x x x သွေးသားခန်းစေဖွယ် အကျင့်လွန်ကြီးကျယ် x x x ဟုတ်မှန်ရာကို ထိုခါတော့မှ တွေ့မြင်တယ် x x x အို...... တို့လူမျိုး တန်ခိုးထွဋ်ခေါင် ဘုန်းမီးနေရောင် ထွန်းပြောင်တယ် x x x"

၂–"(ပညာသင် ငယ်စဉ်အရွယ် x x x ထူးချွန်အောင်သွေးရမယ် x x x နောင်ခါဝယ်လူထုအလယ် x x x တောင့်တင်းစွာ ရပ်နိုင်မယ် x x x )၂။ ဗမာတိုင်းကို ထိပ်ရောက်အောင် မြှင့်ရေးတင့်ရေး ပညာကြွယ် x x x ကမ္ဘာ့ဗိုလ်ပုံလူတွေအလယ် x x x ၊ အို... တို့လူမျိုး တန်ခိုးမြေဆုံးမိုးလုံးပညာ ဖုန်းရောင်ကြွယ်..။

Cho: (ဆည်းပူးလေ့လာတယ် x x x .........အို...... တို့လူမျိုး တန်ခိုးထွဋ်ခေါင် ဘုန်းမီးနေရောင်ထွန်းပြောင်တယ် x x x )

ဒီသီချင်းကို အမျိုးသားအောင်ပွဲနေ့အတွက်သာမက ၁၉၄၈ ခုနှစ် ဇွန်လမှာမန္တလေး ယူနီဗာစီတီကောလိပ်အဖြစ် ဖွင့်လှစ်နိုင်တဲ့ အထိမ်းအမှတ်ဖွင့်ပွဲမှာလည်း သီဆိုခဲ့ကြသတဲ့။ ဒီနှစ်ဟာ အနှစ် ၁၀၀ ပြည့် အမျိုးသားအောင်ပွဲနေ့ဖြစ်သလို မန္တလေးတက္ကသိုလ်က ၂၀၂၅ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်မှာမို့ အခုလို ထူးခြားတဲ့ မင်္ဂလာအခါသမယအချိန် ဆရာမြို့မငြိမ်းသီချင်းကလည်း အမှတ်တရပါပဲ။



ဆရာကြီးဦးရာဇတ်။



မန္တလေးဗဟိုအမျိုးသားကျောင်း။

# သမ္မတ ထရမ့် ဂျော်ဂျီယာပြည်နယ်၌ ထောက်ခံသူများနှင့်တွေ့ဆုံ

**ဝါရှင်တန် ဒီဇင်ဘာ ၆**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျော်ဂျီယာပြည်နယ်တွင် ထောက်ခံသူများနှင့် ယမန်နေ့က တွေ့ဆုံစဉ် ရွေးကောက်ပွဲရလဒ် ထွက်ပေါ်မှုများတွင် မဲလိမ်လည်မှုများရှိခဲ့သည်ဟု ပြောကြားခဲ့သည်။

ယခုတွေ့ဆုံပွဲသည် ရွေးကောက်ပွဲပြီးနောက် သမ္မတထရမ့် ပထမဆုံးအကြိမ်တက်ရောက်သည့် တွေ့ဆုံပွဲဖြစ်သည်။ ဇန်နဝါရီလတွင် ကျင်းပမည့် အထက်လွှတ်တော်အမတ်နေရာအတွက် ဒီမိုကရက်တစ် အမတ်လောင်းများနှင့် ယှဉ်ပြိုင်ရမည့် ရီပတ်ဘလီကန်အမတ်နှစ်ဦး အတွက် မဲဆွယ်စည်းရုံးသည့်အနေဖြင့် သမ္မတထရမ့်က ဂျော်ဂျီယာပြည်နယ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ဂျော်ဂျီယာပြည်နယ်တွင် ဂျိုးဘိုင်ဒင်က ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့သည်။

သို့သော် သမ္မတထရမ့်က အဆိုပါရွေးကောက်ပွဲရလဒ်များတွင် မဲလိမ်လည်မှုများရှိနေသည့်အတွက် ၎င်းအနေဖြင့် ထောက်ခံမဲအသာစီး ရရှိနေသေးသည်ဟု ဆိုသည်။

ထို့ပြင် သမ္မတထရမ့်က ဂျော်ဂျီယာပြည်နယ်၏ ရွေးကောက်ပွဲရလဒ်များကို အတည်မပြုရန် ဂျော်ဂျီယာပြည်နယ်အုပ်ချုပ်ရေးမှူး ဘရီယန်ကမ့်အား တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့သည်ဟု အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။

သမ္မတထရမ့်သည် ရွေးကောက်ပွဲရလဒ်ထွက်ပေါ်မှုကို ကျေနပ်မှု မရှိသည့်အတွက် ရွေးကောက်ပွဲရလဒ်များကို အတည်မပြုရန် မဲဆွယ်စည်းရုံးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော် တရားရုံးများက သမ္မတထရမ့်၏ ရွေးကောက်ပွဲရလဒ်ဆိုင်ရာ တရားစွဲဆိုမှုများသည် ခိုင်မာသည့်သက်သေအထောက်အထားမရှိသည့်အတွက် ပယ်ချခဲ့ကြောင်း သိရသည်။ အမေရိကန်ရွေးကောက်ပွဲဆိုင်ရာအဖွဲ့ဝင်များသည် ဂျိုးဘိုင်ဒင်အား ထောက်ခံမဲအများဆုံးရရှိသူအဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာနိုင်ဖွယ်ရှိကြောင်း မျှော်လင့်ရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**





## ကမ္ဘောဒီးယား၌ ဗိုင်းရပ်စ်ပိုးကူးစက်မှုမြင့်တက်လာပါက အရေးပေါ်အခြေအနေ ကြေညာမည်

**ဖနောင်ပင် ဒီဇင်ဘာ ၆**
ကမ္ဘောဒီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာပါက အရေးပေါ်အခြေအနေကြေညာမည်ဟု ဝန်ကြီးချုပ် ဟွန်ဆန်က ယနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်း အရေးပေါ်အခြေအနေ ကြေညာရန် ဘုရင်ထံမှ ခွင့်ပြုမိန့်တောင်းခံထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ၎င်း၏ တရားဝင်ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် အသံဖိုင်လွှင့်တင်ထားကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ စီရင်စုတစ်ခုခု (သို့မဟုတ်) မြို့တော်ဖနောင်ပင်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပါက နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ဆုတ်ယုတ်မှုများရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ဆိုသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာမှုမရှိသော စီးပွားရေးလုပ်ငန်းများအား အရေးယူရန် ဒေသန္တရ အာဏာပိုင်များအား ဝန်ကြီးချုပ် ဟွန်ဆန်က ညွှန်ကြားထားကြောင်း သိရသည်။

ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လက်များဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း စသည့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို မဖြစ်မနေ လိုက်နာရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ နိုဝင်ဘာ ၂၈ ရက်က ဒေသတွင်းဗိုင်းရပ်စ်ပိုးကူးစက်မှုကို ထပ်မံတွေ့ရှိခဲ့ပြီးနောက် ယခုအချိန်တွင် မြို့တော်ဖနောင်ပင်၌ ဒေသခံ ၃၀ ခန့် ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်မှုစတင်တွေ့ရှိခဲ့သည့်အချိန်မှစပြီး စာသင်ကျောင်းများ၊ ပြတိုက်များ၊ ရုပ်ရှင်ရုံများနှင့် အနုပညာပြခန်းများကို ပိတ်ပင်ထားသည့်အပြင် လူစုလူဝေးခြင်းနှင့် မင်္ဂလာဆောင်အခမ်းအနားများ ကျင်းပခြင်းတို့ကိုလည်း ဖနောင်ပင်မြို့တော်နှင့် ဆီရမ်ရိပြည်နယ်တို့၌ ပိတ်ပင်ထားကြောင်း သိရသည်။ **ကိုးကား-စီအင်န်အေ ဘာသာပြန်- အောင်ကျော်ကျော်**

## ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၉၂၃ ဦး ထပ်မံတွေ့ရှိ

**ပါရီ ဒီဇင်ဘာ ၆**
ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၂၉၂၃ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၁၄၇၅ ဦးအထိ မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၆ ဦးထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း သေဆုံးသူပေါင်း ၅၄၉၈၁ ဦးအထိရှိလာခဲ့သည်။ ပြင်သစ်နိုင်ငံ၌ အဆင့်သုံးဆင့်သတ်မှတ်ထားသော ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တစ်ရပ်ကို လာမည့်နှစ်အစောပိုင်းတွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်အရ သက်ကြီးရွယ်အို တစ်သန်းခန့်နှင့် ဘိုးဘွားရိပ်သာများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ဦးစားပေးအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလမှစပြီး ပြင်သစ်အစိုးရက နာတာရှည်ရောဂါသည်များနှင့် သက်ကြီးရွယ်အို ၁၄ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။ ကျန်ရှိနေသေးသော ပြည်သူများအား လာမည့် နွေဦးရာသီမှစပြီး ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## ဂျာမနီလေကြောင်းလိုင်း Lufthansa က ယခုနှစ်ကုန်တွင် ဝန်ထမ်းအင်အား ၂၉၀၀၀ လျှော့ချမည်

**ဘာလင် ဒီဇင်ဘာ ၆**
ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရုန်းကန်နေရသည့် ဂျာမနီလေကြောင်းလိုင်း Lufthansa က ယခုနှစ်ကုန်တွင် ဝန်ထမ်းအင်အား ၂၉၀၀၀ လျှော့ချမည်ဖြစ်ပြီး လာမည့်နှစ်တွင် ပြည်တွင်း၌ နောက်ထပ် ဝန်ထမ်းအင်အား ၁၀၀၀၀ လျှော့ချမည်ဟု သိရသည်။

၂၀၂၅ ခုနှစ် မတိုင်မီကာလအတွင်း လေကြောင်းခရီးသွားလာမှုသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိမည်မဟုတ်ဟု မျှော်မှန်းထားသောကြောင့် Lufthansa လေကြောင်းလိုင်းနှင့် လုပ်ငန်းခွဲများဖြစ်သော Eurowings၊ Swiss၊ Austrian နှင့် Brussels Airlines တို့က ပြေးဆွဲမည့်အစီအစဉ်များ၊ လေယာဉ်နှင့် ဝန်ထမ်းအင်အားတို့ကို လျှော့ချခဲ့သည်။



Lufthansa လေကြောင်းလိုင်းက ဂျာမနီနိုင်ငံပြင်ပ၌ အလုပ်အကိုင်နေရာပေါင်း ၂၀၀၀၀ အထိ လျှော့ချမည်ဖြစ်ပြီး လာမည့်နှစ်တွင် ဂျာမနီနိုင်ငံ၌ အလုပ်အကိုင်နေရာ ၁၀၀၀၀ ထပ်မံလျှော့ချမည်ဟု အဆိုပါလေကြောင်းကုမ္ပဏီက ပြောသည်။ Lufthansa လေကြောင်းလိုင်းက အစိုးရ၏ ကယ်ဆယ်ရေးအစီအစဉ်အရ ယခုနှစ်အစောပိုင်းတွင် ရယူထားသည့် ယူရို ကိုးဘီလီယံအနက် ယူရို သုံးဘီလီယံ ဆုံးရှုံးခဲ့သည်။

Lufthansa လေကြောင်းလိုင်းက အပိုဆုကြေးများ၊ လစာငွေများ ပေးချေရမှုကြောင့် ပိုလျှံအင်အား လျှော့ချမှုပြုလိမ့်မည်မဟုတ်ကြောင်း အလုပ်သမားသမဂ္ဂများအား ကတိပြုခဲ့ပြီး အချိန်ပြည့်ဝန်ထမ်း ၂၇၀၀၀ ရှိကြောင်း အမှုဆောင်ချုပ် ကားလ်စတန်စဖိုးက ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ ဘာသာပြန်-ကျော်ထိုက်စိုး**

## ရိုမေးနီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ပါလီမန်ရွေးကောက်ပွဲ ကျင်းပ



**ဘူခါရက် ဒီဇင်ဘာ ၆**
ရိုမေးနီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အထူးချမှတ်ထားသည့် စည်းကမ်းများနှင့်အညီ ရိုမေးနီးယားပြည်သူ ၁၈ သန်းကျော်သည် လာမည့်လေးနှစ်သက်တမ်းအတွက် လွှတ်တော်နှစ်ရပ်ကို ရွေးကောက်တင်မြှောက်ရန် ဒီဇင်ဘာ ၆ ရက်တွင်ပြုလုပ်သည့် ပါလီမန်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြကြောင်း သိရသည်။

**မဲရုံပေါင်း ၁၈၈၀၂ ရုံ**

ရိုမေးနီးယားနိုင်ငံ၏ မဲဆန္ဒနယ် ၄၂ တွင်ရှိသည့် မဲရုံပေါင်း ၁၈၈၀၂ ရုံကို ဒေသစံတော်ချိန် နံနက် ၇ နာရီမှ ည ၉ နာရီအထိဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံ ၉၃ နိုင်ငံတွင် မဲရုံစုစုပေါင်း ၇၄၈ ရုံ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၇၁၃၆ ဦးတို့သည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ်နေရာများ အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါလီမန်သို့ ဝင်ရောက်ခွင့်ရရန်အတွက် တစ်နိုင်ငံလုံး ဆန္ဒမဲ၏ ငါးရာခိုင်နှုန်းကျော် သို့မဟုတ် အနည်းဆုံးမဲဆန္ဒနယ်လေးခုတွင် ၂၀ ရာခိုင်နှုန်း ကျော်ရရှိရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိ ရိုမေးနီးယားပါလီမန်တွင် လွှတ်တော်အမတ် ၄၆၅ ဦးရှိပြီး အထက်လွှတ်တော်တွင် ၁၃၆ ဦးနှင့် အောက်လွှတ်တော်တွင် ၃၂၉ ဦးရှိကြောင်း သိရသည်။

ယခုကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲသည် ရိုမေးနီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ကျင်းပခြင်းဖြစ်ပြီး လက်ရှိတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်းဝက်ကျော် ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

# ကမ္ဘာ့သဘာဝ အမွေအနှစ်နေရာများအား ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်က ခြိမ်းခြောက်နေ

**ကုလသမဂ္ဂ ဒီဇင်ဘာ ၆**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို)က သတ်မှတ်ထားသည့် ကမ္ဘာ့သဘာဝ အမွေအနှစ်နေရာများ၏ သုံးပုံတစ်ပုံခန့်သည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ခြိမ်းခြောက်မှုကိုခံနေရကြောင်း နိုင်ငံတကာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တစ်ဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။

ယူနက်စကိုမှ အကြံပေးသည့် သဘာဝထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သမဂ္ဂမှ ကမ္ဘာ့သဘာဝအမွေအနှစ်ဆိုင်ရာနေရာ ၂၅၂ နေရာ၏ အခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

ယင်းထုတ်ပြန်ချက်အရ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် နေရာ ၈၃ ခုသည် သမုဒ္ဒရာရေပြင် အပူချိန်များမြင့်တက်လာခြင်း၊ တောမီးများလောင်ကျွမ်းခြင်းများနှင့် အခြားအရပ်များမှ မျိုးစိတ်များ ထိုးဖောက်ဝင်ရောက်လာခြင်း စသည့် အလွန်မြင့်မားသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် ၂၀၁၄ ခုနှစ်မှစ၍ သက်ရောက်ခံရသည့် နေရာအရေအတွက်မှာ နှစ်ဆနီးပါးမြင့်တက်ခဲ့သည်။

ဩစတြေးလျနိုင်ငံမှ မဟာသန္တာကျောက်တန်းဒေသသည် သမုဒ္ဒရာရေပြင် ပူနွေးမှုမြင့်တက်လာခြင်းနှင့် အက်စစ်ဓာတ် တိုးလာခြင်းကြောင့် သန္တာကျောက်တန်းကျဆင်းမှုကို တွေ့မြင်ရကြောင်း အစီရင်ခံတွင် ဖော်ပြထားသည်။

ထို့နည်းတူပင် တောင်အမေရိကတိုက်ရှိ ပန်တာနယ် စိမ့်မြေဒေသသည် ယမန်နှစ်နှင့် ယခုနှစ်အတွင်း လောင်ကျွမ်းခဲ့သည့် ဘရာဇီး တောမီးများကြောင့် အကြီးအကျယ် ပျက်စီးခဲ့ရကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း**



ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗင်းနစ်မြို့တစ်နေရာအား တွေ့ရစဉ်။



# လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး ဆိုမာလီနိုင်ငံ သမ္မတ သန္နိဋ္ဌာန်ချ

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၆**

ဆိုမာလီနိုင်ငံ သမ္မတ မိုဟာမက်ဖာမာဂျိုသည် လွတ်လပ်၍ တရားမျှတပြီး ယုံကြည်ရသည့် ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကျင်းပနိုင်ရန် သန္နိဋ္ဌာန် ချမှတ်ထားကြောင်း ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲကို စက်တင်ဘာ ၂၆ ရက်တွင် အစိုးရနှင့် ပြည်နယ်ခေါင်းဆောင်ခုတို့အကြား ရရှိခဲ့သည့် နိုင်ငံရေးဆိုင်ရာသဘောတူညီချက်နှင့်အညီ ကျင်းပမည်ဖြစ်ကြောင်းလည်း သမ္မတ မိုဟာမက်ဖာမာဂျိုက ပြောကြားခဲ့သည်။

“ရွေးကောက်ကာလအတွင်းမှာ နှောင့်နှေးကြန့်ကြာမှုတွေကို ရှောင်ရှားပြီး ရွေးကောက်ပွဲသဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ဖို့လည်း မိမိတို့အနေနဲ့ ကတိကဝတ်ပြုပါတယ်”ဟု မိုဂါဒစ်ရှူးတွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် သမ္မတ မိုဟာမက်ဖာမာဂျိုက ပြောကြားခဲ့သည်။ ဆိုမာလီနိုင်ငံသည် နိုင်ငံ၏ရွေးကောက်ပွဲကို တရားဝင်သတ်မှတ်ထားသည့် ဒီဇင်ဘာ ၁ ရက်တွင် မကျင်းပနိုင်ခဲ့ကြောင်းလည်း ယင်းထုတ်ပြန် ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် လွတ်လပ်၍ တရားမျှတပြီး ယုံကြည်ရသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံတွင် လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များရှိကြောင်း အတိုက်အခံအဖွဲ့အစည်းများက ထောက်ပြပြောဆိုခဲ့ခြင်းကြောင့် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ယခုတိုင် ကော်မရှင်က အတည်မပြုနိုင်သေးကြောင်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်၊ ဘာသာပြန်-အလင်းသစ်**

# ဆိုးလ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ခပ်ခွာခွာနေရေး စည်းကမ်းချက်အား ဒုတိယအမြင့်ဆုံးအဆင့်သို့ တိုးမြှင့်ရန်ဆုံးဖြတ်

**ဆိုးလ် ဒီဇင်ဘာ ၆**

တောင်ကိုရီးယားအစိုးရသည် ပြီးခဲ့သည့်လက ဆိုးလ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားလာသည့်အတွက် ရောဂါထိန်းချုပ်ရေး ဆိုင်ရာ ခပ်ခွာခွာနေရေးစည်းမျဉ်းကို ဒုတိယအမြင့်ဆုံးအဆင့်သို့ သီတင်းပတ်သုံးပတ်ကြာ တိုးမြှင့်ချမှတ်ရန် ယနေ့ ဆုံးဖြတ်လိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ယခင်က ချမှတ်ထားသည့် အဆင့်ငါးဆင့်ရှိသည့် ခပ်ခွာခွာနေရေး စည်းကမ်းချက်များကို ဆိုးလ်မြို့တွင် အဆင့် ၂ ဒသမ ၅ သို့ မြှင့်တင်သွားမည်ဖြစ်ကြောင်းနှင့် ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ရှိ ဂျောင်ဂီးပြည်နယ်နှင့် အနောက်ဘက် အင်ချွန်းဆိပ်ကမ်းမြို့တို့လည်း ပါဝင်ကြောင်း သိရသည်။

တောင်ကိုရီးယား အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အခြေအနေအပေါ်မူတည်၍ ခပ်ခွာခွာနေရေးလမ်းညွှန်ချက်များကို နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ သီတင်းပတ်နှစ်ပတ်ကြာ တိုးမြှင့်ချမှတ်ထားသော်လည်း ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၃၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၇၅၄၆ ဦးရှိလာသည်။ တစ်ရက်တာအတွင်း ၆၃၁ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းသည် ယခုနှစ် မတ် ၂ ရက်မှ စ၍ လက်ရှိအချိန်အထိ ကိုးလတာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်သည်။

အဆိုပါ ရောဂါကူးစက်ခံရသူ ၆၃၁ ဦးအနက် ၂၅၆ ဦးသည် မြို့တော်ဆိုးလ်၌ နေထိုင်သူများဖြစ်ပြီး ကျန် ၁၇၆ ဦးသည် ဂျောင်ဂီပြည်နယ်၌ နေထိုင်ကြသည်။

တောင်ကိုရီးယား အစိုးရသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး နယ်ပယ်၌ အကြီးမားဆုံးအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ အထူးသဖြင့် ဆိုးလ်မြို့ရှိ ရောဂါကူးစက်မှု အခြေအနေမှာ အလွန်ဆိုးရွားကြောင်း၊ လွန်ခဲ့သည့် သီတင်းပတ်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်သည် ဆိုးလ်မြို့မှဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ချုံဆေးကျုံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် နှာခေါင်းစည်း ဝတ်ဆင်ခြင်းနှင့် လက်ဆေးခြင်းများအပါအဝင် သီးခြားစောင့်ကြည့်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး လူစုလူဝေးနှင့် အစည်းအဝေးများကို ရှောင်ရှားကြရန် ပြည်သူများအား တိုက်တွန်းလိုက်သည်။

**ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ**





# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်သူ ၃၆၀၁၁ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၆၄၆၈၄၉ ဦးအထိရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၀၁၁ ဦးရှိခဲ့ကာ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၆၄၆၈၄၉ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၈၂ ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၁၄၀၂၃၆ ဦးရှိခဲ့ကြောင်းလည်း သိရသည်။

နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်းက သေဆုံးသူ ၇၇ ဦးရှိခဲ့ကာ ကူးစက်ခံရသူ ၃၄၁၉ ဦးရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၉၁၀၂၅၀၁ ဦးရှိခဲ့ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းမှုရပ်ဆိုင်းခြင်းကို ယခုနှစ်ကုန်အထိ ဆက်လက်ရပ်ဆိုင်းထားရန် နိုင်ငံ၏ မြို့ပြလေကြောင်းညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုး ရရှိနိုင်ဖွယ်ရှိကြောင်းလည်း ဝန်ကြီးချုပ်မိုဒီက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၆၀၀၀ ကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၆**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၆၄ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် သေဆုံးသူစုစုပေါင်း ၁၇၆၀၀၀ ကျော်ရှိလာခဲ့ကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၂၀၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၅၇၇၁၇၇ ဦး ရှိလာခဲ့ကြောင်းလည်း သိရသည်။

နိုဝင်ဘာလနောက်ပိုင်းမှ စတင်ကာ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူသိသိသာသာမြင့်တက်လာခဲ့ပြီး ကူးစက်သေဆုံးမှုအများဆုံးဖြစ်ပွားခဲ့သောမြို့များမှာ နိုင်ငံ၏အကြီးဆုံး မြို့နှစ်မြို့ဖြစ်သည့် ဆောပေါလိုနှင့် ရီယိုဒီဂျနေးရိုးတို့ဖြစ်ကြောင်း သိရသည်။

ဆောပေါလိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားရာနေရာဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက် ခံရသူ ၁ ဒသမ ၂၉ သန်းခန့်နှင့် သေဆုံးသူ ၄၃၀၀၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးပါက ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကူးစက်မှုတွင်မူ အမေရိကန်နှင့် အိန္ဒိယတို့ နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# ပေါ်တူဂီနိုင်ငံ၌ ခရစ္စမတ်အားလပ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးမည်

**လစ္စဘွန်း ဒီဇင်ဘာ ၆**
ပေါ်တူဂီနိုင်ငံသည် ခရစ္စမတ်အားလပ်ရက်ကာလအတွင်း ပေါ်တူဂီနိုင်ငံသားများအား နိုင်ငံ၏ ဒေသန္တရအုပ်ချုပ်ရေးအောက်တွင်ရှိသည့် မြို့များအကြား ခရီးသွားလာခွင့်ကို ခွင့်ပြုကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးသွားမည်ဖြစ်သော်လည်း နှစ်သစ်ကူးကာလတွင်မူ ခွင့်ပြုမည်မဟုတ်ကြောင်း ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကော်စတာက ပြောကြားခဲ့သည်။

ပေါ်တူဂီပါလီမန်အနေဖြင့် နိုဝင်ဘာ ၉ ရက်နောက်ပိုင်းမှစတင်ကာ ဒီဇင်ဘာ ၂၃ ရက်အထိ သက်ရောက်မှုရှိမည့် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်နွှယ်သည့် အရေးပေါ်အခြေအနေကာလကို သက်တမ်းတိုးမြှင့်ရန် မဲပေးမှုပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကော်စတာကမူ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ် ခြင်းအပါအဝင် နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်နှင့် မိသားစုများပြန်လည်ပေါင်းစည်းရေးကို ခွင့်ပြုပေးသည့်အနေဖြင့် ဒီဇင်ဘာ ၂၃ ရက်နှင့် ဒီဇင်ဘာ ၂၆ ရက် ကြားကာလတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် နှစ်သစ်ကူးအခါသမယတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ချမှတ်မည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၁ ရက်အတွင်း အများပြည်သူ နှင့်ဆိုင်သည့် ပါတီပွဲများနှင့် အခမ်းအနားများကျင်းပခြင်းအပါအဝင် နိုင်ငံ၏ ဒေသန္တရအုပ်ချုပ်ရေး အောက်တွင်ရှိသည့် မြို့များအကြား ခရီးသွားလာခွင့်ကို တားမြစ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံ၏လူဦးရေ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း အထိ ထိုးပေးပြီးချိန်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပေါ်တူဂီနိုင်ငံတစ်ဝန်း ဆက်လက်ထားရှိမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် အန်တိုနီယိုကော်စတာက ပြောကြားခဲ့ သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဒီဇင်ဘာ ၈ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၆**
ဗြိတိန်အစိုးရသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို ဒီဇင်ဘာ ၈ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံအနေဖြင့် အမေရိကန် ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါး ကုမ္ပဏီ BioNTech တို့က ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အများ အပြား အသုံးပြုမည်ဖြစ်ကြောင်းလည်း အတည်ပြုပြောကြားခဲ့သည်။

**သိုလှောင်ထားခဲ့**

ယင်းဆေးဝါးကုမ္ပဏီနှစ်ခု၏ ဆေးဝါး အများအပြား ထုတ်လုပ်ရာနေရာဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံမှ ဖြန့်ချိခဲ့သည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အရည်အသွေးစစ်ဆေးခဲ့ပြီးနောက် လုံခြုံ စိတ်ချရသည့်နေရာများတွင် သိုလှောင်ထားခဲ့ ကြောင်းလည်း သိရသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး များကို ဗြိတိန်နိုင်ငံရှိ ဆေးရုံ ၅၀ သည် ကနဦး အနေဖြင့် ရရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ယင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် အပူချိန် -၇၀ ဒီဂရီဆဲလ်စီးယပ်ခန့်တွင် ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သိရသည်။




ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၈၀ အထက်ရှိသူများ နှင့် ကျန်းမာရေးဝန်ထမ်းများသည် ပထမဆုံး ရရှိမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားခဲ့သည်။ ထို့ပြင် ဗြိတိန်နိုင်ငံသားများ အတွက် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရရှိရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဗြိတိန် အစိုးရက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်းဖြစ် ကိုဗစ်ကာကွယ်ဆေး လူသားဖြင့်စမ်းသပ်မှု လာမည့်သီတင်းပတ်တွင် စတင်မည်

**ဟန္တိုင်း ဒီဇင်ဘာ ၆**
ဗီယက်နမ်နိုင်ငံ နာနိုဂျန်ဆေးဝါးကုမ္ပဏီကထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုး ပထမအဆင့် လူသားဖြင့်စမ်းသပ်မှုကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်မည်ဖြစ်သည်။

လူသားဖြင့်စမ်းသပ်မှု ပထမအဆင့်တွင်ပါဝင်မည့် စေတနာ့ ဝန်ထမ်းများ စတင်စုဆောင်းရန် ဗီယက်နမ်စစ်ဆေးတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ကျန်းမာရေးဝန်ကြီး ငုယင်သန်လောင်းက ပြောသည်။ စေတနာ့ဝန်ထမ်းများကို နောက်တစ်ပတ်အကြာတွင် ကာကွယ်ဆေးပထမအကြိမ် ထိုးပေးမည်ဖြစ်သည်။ ပထမအဆင့်တွင် အသက် ၁၈ နှစ်မှ ၄၀ နှစ်အကြား စေတနာ့ဝန်ထမ်း ၂၀ ကို ကာကွယ်ဆေး ထိုးပေးမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

“ကျွန်တော်တို့ တတ်နိုင်သမျှစောပြီး ကိုဗစ်ကာကွယ်ဆေးရဖို့ လုပ်ဆောင်နေပါတယ်” ဟု ယမန်နေ့ကပြုလုပ်သည့် အစည်းအဝေး တစ်ခု၌ ငုယင်သန်လောင်းက ပြောသည်။ ဗီယက်နမ်နိုင်ငံ၌ လက်ရှိ အချိန်တွင် Nanogen၊ Vabiotech၊ Polyvac နှင့် Institute of Vaccines and Medical Biologicals (IVAC) တို့က သုတေသန ပြုလုပ်နေသည့် ကိုဗစ်ကာကွယ်ဆေးလေးမျိုးရှိသည်။

ဗီယက်နမ်နိုင်ငံတွင် ယမန်နေ့ညနေပိုင်းအထိ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုကူးစက်သူ ၁၃၆၅ ဦးနှင့် သေဆုံးသူ ၃၅ ဦးရှိကြောင်း သိရ သည်။

**ကိုးကား - ဗွီအင်န်အေ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၆၉၉၈၇၀၅ | ဦး |
| သေဆုံးသူ | ၁၅၃၆၉၅၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၆၃၈၂၉၀၀ | ဦး |



# ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၃၉ ဦးဖြင့် နေ့စဉ်ကူးစက်မှု စံချိန်တင်

**မော်စကို ဒီဇင်ဘာ ၆**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၃၉ ဦး တွေ့ရှိခဲ့ရာ နေ့စဉ် ရောဂါကူးစက် မှုနှုန်း အမြင့်မားဆုံးဖြစ်လာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့ ပြောကြား သည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၃၉ ဦး ထပ်မံတွေ့ရှိခြင်းနှင့်အတူ လက်ရှိအချိန်အထိ ရုရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၆၀၇၇၀ ရှိလာခဲ့သည်။ သို့သော် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၉၃၇၇၃၈ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ထို့အပြင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၅၇ ဦး ထပ်မံသေဆုံးခဲ့ရာ လက်ရှိအချိန်အထိ ရုရှားနိုင်ငံ တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၁၄၁ ဦးရှိလာခဲ့သည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်သည်။ မော်စကိုတစ်မြို့တည်း၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၅၁၂ ဦးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက် ခံရသူပေါင်း ၆၄၇၅၆၂ ဦးရှိလာခဲ့သည်။

ရုရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့်အတွက် ယခုအခါ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ စတုတ္ထအဆိုးဆုံး ထိခိုက် ခဲ့သည့် နိုင်ငံဖြစ်လာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျော်တီ**

## ဝိုင်းမော်နှင့် မြိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအုပ်စု ဂေါ်ဆက်ယန်ကျေးရွာ အနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ငွါးလေးအား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလိုကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု ပသောင်းကျေးရွာနေ ခင်မောင်ချို(ခ)အာနီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၇၉ ပြား၊ အိုက်စ်သုည ဒသမ ၀၀၅ ကီလို၊ ဆေးခြောက်သုည ဒသမ ၀၁၅ ကီလိုနှင့် ဘိန်းစာမှုန့် ၄၀ ဒသမ ၉ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ခင်မောင်ချို(ခ)အာနီအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

## လောင်းလုံးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

လောင်းလုံးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက် ညနေ ၆ နာရီခွဲခန့်တွင် လောင်းလုံးမြို့နယ် ကဘူကျေးရွာနေ စည်သူထက်(ခ)ညီညီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဂေါ့အင်းကျေးရွာနေ စည်သူစိုးသန့်(ခ)ဇင်ကို၏ နေအိမ်ကို ယမန်နေ့တွင် ဆက်လက်ဝင်ရောက်ရှာဖွေရာ ဩစတြေးလျ နိုင်ငံထုတ် Glock 19 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည် ၁၀ တောင့်၊ ကျည်အိမ် တစ်ခု၊ အရှည် ၃ ပေခွဲခန့် ခါးချိုးလေသေနတ် တစ်လက်၊ ခဲသီး ၃၅ လုံး၊ အရှည် ၃ ပေခွဲခန့်ဂတ်စ်သေနတ် တစ်လက်၊ ဖန်ဂေါ်လီအလုံး ၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ သတင်းကွင်းဆက်အရ ယင်းနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ကဒက်ကြီးကျေးရွာနေ ဝေလွင်ဦး၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အနောက်ဘက်ရှိ ဆိုင်ကယ်မှ ပွိုင့် ၂၂ ကျည်ထည့်ထားသည့် လက်လုပ်ခါးချိုးသေနတ် အတိုတစ်လက်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စည်သူထက်(ခ)ညီညီ၊ စည်သူစိုးသန့်(ခ)ဇင်ကိုနှင့် ဝေလွင်ဦးတို့အား ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ခဲယမ်းများနှင့် ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။




## ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းနှင့် ကြီးအုံကြီးဝတမံအနီး ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ ဒီဇင်ဘာ ၆**

မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုနှင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့သည် ယမန်နေ့က ပွင့်ဖြူမြို့မှ အထက်ဘက် တောင်/မြောက် မုန်းမြောင်းမကြီးတစ်လျှောက်နှင့် မုန်းချောင်းတစ်လျှောက် ပွင့်ဖြူမြို့နယ်အဆုံး ကြီးအုံကြီးဝတမံအနီးထိ ငါးသယံဇာတထိန်းသိမ်းရေး၊ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်ရာတွင် မြောင်းမကြီးများမှ ဘက်ထရီအိုးနှင့် ရှော့တိုက်ပစ္စည်းများသိမ်းဆည်းရရှိခဲ့ပြီး ကျွဲတံခါးကျေးရွာအုပ်စု ကြီးအုံကြီးဝတမံအနီးတွင် တန်းပိုက်ဖြင့် ငါးဖမ်းလုပ်ကိုင်စားသောက်သည့် ရေလုပ်သားများအား တရားမဝင်နည်းဖြင့် ငါးဖမ်းနည်းဖြစ်သော ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုမရှိစေရေး၊ ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒီပဲယင်းမြို့နယ်အတွင်း ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဒီပဲယင်း ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်အရ ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်သန်းဦး၊ ရေဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာနှင့် တည်တောကျေးရွာရှိ လမ်းကြားမြောင်းများတစ်လျှောက် တရားမဝင်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးမှုများမရှိစေရေး ကွင်းဆင်းစစ်ဆေးရာ ၁၂ ဗို့ဘက်ထရီအိုး နှစ်လုံး၊ ကျဉ်စက် သုံးခု၊ ရှော့တံနှစ်ချောင်း၊ ရှော့ရင်တွန်း တစ်လက်၊ ဘက်ထရီအိုးထည့် ပုံးအဝါ တစ်လုံး၊ ဘက်ထရီအိုးထည့်ပုံး အပြာ တစ်လုံး၊ ကားကျွတ်တစ်ခုတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် ဒီပဲယင်းမြို့နယ် တည်တောကျေးရွာအုပ်စုရှိ ဒေသအခေါ်(မြောက်အင်း)သို့ သွားရောက်၍ အဆိုပါနေရာအား ရေချိုငါးလုပ်ငန်း ရေပြင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး နေ့လယ်ပိုင်းတွင် ရေဦးငါးလုပ်ငန်းစခန်းသို့ရောက်ရှိကာ မြို့နယ်ရုံးနှင့်စခန်းရှိဝန်ထမ်းများနှင့် တွေ့ဆုံ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးခြင်း၊ အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ရေဦးငါးလုပ်ငန်းစခန်းအနေဖြင့် ရုံးအင်္ဂါရပ်နှင့် ညီညွတ်စေရေး ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးကာ ရေဦးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးပေါ်လွင်က မျိုးငါးကြီးများ ပြုစုထားရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေနှင့် ငါးသားပေါက် ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ခရိုင်ဦးစီးဌာနမှူးက စခန်းသန့်ရှင်းသာယာလှပစေရန်နှင့် မျိုးငါးကြီးများ ရာသီနှင့်အညီ သားဖောက်နိုင်ရေးအတွက် ပြုစုထားရှိကြရန် မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံ ၆၈၇၀၆၆ ဧက ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၃၇ မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်းသီးနှံ စိုက်ပျိုးချိန်တွင် ပဲမျိုးစုံ ၆၈၇၀၆၆ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

“လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူတွေ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ ပိုးမွှားကင်းတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ဓာတုလျှော့ချသုံးစွဲနိုင်ရေး သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးတွေ သုံးစွဲစိုက်ပျိုးကြဖို့ကို စိုက်ခင်းတွေအရောက်သွားပြီး အသိပညာပေးတာတွေ လုပ်ဆောင်ပေးနေတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၃၇ မြို့နယ်မှာ ပဲမျိုးစုံ ဧက ခြောက်သိန်းကျော် စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ပါတယ်။ အခုလည်းဆက်လက်ပြီး စိုက်ပျိုးနေတယ်” ဟု ဦးဝင်းလှိုင်ဦးက ပြောသည်။

ယခုနှစ် နိုဝင်ဘာလကုန်အထိ ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်အတွင်း ၈၂၃၃ ဧက၊ စစ်ကိုင်းခရိုင်အတွင်း ၉၈၆၉၇ ဧက၊ ရွှေဘိုခရိုင်အတွင်း ၁၇၅၁၉၆ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၁၂၉၉၃၁ ဧက၊ ကသာခရိုင်အတွင်း ၃၀၅၆၄ ဧက၊ ကလေးခရိုင်အတွင်း ၅၉၇၄၃ ဧက၊ တမူးခရိုင်အတွင်း ၁၉၆၅ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၉၈၆၁၇ ဧက၊ မော်လိုက်ခရိုင်အတွင်း ၈၆၀၁ ဧက၊ ခန္တီးခရိုင်အတွင်း ၁၂၁၆ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၃ ဧကတို့ကို စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပါလက်စတိုင်း (နှစ်ပေါင်းလေးထောင်သမိုင်း)




စာရေးသူ ကိုကိုလေး(မြန်မာပြန်ဆို)ရေးသားသည့် ပါလက်စတိုင်း(နှစ်ပေါင်းလေးထောင်သမိုင်း)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဖီလစ်စတိုင်းနှင့် ဖီလစ်စတီးယား(ကြေးညိုခေတ်နှောင်းကာလမှ ဘီစီ ၅၀၀)၊ ဟယ်လင်နစ်တစ် အင်ပါယာအတွင်းမှ ပါလက်စတိုင်း(ဘီစီ ၅၀၀-၁၃၅)၊ ဖီလစ်စတီးယားမှ ဆီးရီးယား- ပါလက်စတီနာသို့ အေဒီ ၁၃၅မှ အေဒီ ၃၉၀၊ အပိုင်းကြီးသုံးပိုင်းခွဲခြားပြီးအုပ်ချုပ်သော ဘန်ဇင်တိုင်း-ပါလက်စတိုင်း၊ အာရပ်ခရစ်ယာန် ပါလက်စတိုင်း၊ အစ္စလာမ်တို့၏ လက်အောက်သို့ကျရောက်ခြင်း(အေဒီ ၆၃၈-၁၀၉၉)စသည့်အခန်း ၁၀ခန်းကို ရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄(B)၊ လမ်း(၄၀)အပေါ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Hot Line-၀၉ ၇၃၂၀၁၅၈၆၊ Office -၀၉ ၇၇၈၉၄၉၉၁၆တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ဖြင့် ဖြန့်ချိသည်။

## ကျွန်တော်လွတ်ကျခဲ့တဲ့ လွှတ်တော်




စာရေးသူ နေဘုန်းလတ်စီစဉ်ရေးသားသည့် ကျွန်တော်လွတ်ကျခဲ့တဲ့ လွှတ်တော် စာအုပ် ထွက်ရှိလာသည်။

နေဘုန်းလတ်သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ ယင်းစာအုပ်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လွှတ်တော်အပေါ်အမြင်နှင့် အတွေ့အကြုံများကို ရေးသားထားသည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်အချို့၏ စာအုပ်နှင့် ပတ်သက်သည့် သဘောထားအမြင်များကို ထည့်သွင်းဖော်ပြထားသဖြင့် စိတ်ဝင်စားသူများ ဖတ်ရှုလေ့လာသင့်သောစာအုပ်ဖြစ်သည်။

စာအုပ်ကို Myanmar Harp Publishing House၊ အမှတ် (၁၈၀)၊ မြေညီထပ်၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၂၀၇၃၀၆၁၁နှင့် ၀၉ ၇၇၇၀၀၁၀၁၇တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## ယ ယမနေသစ်ကောင်းပေ




စာရေးသူ ရတနာစိုး(အမျိုးသားစာပေဆုရ) စီစဉ်ရေးသားသည့် ယ ယမနေ သစ်ကောင်းပေစာအုပ် ထွက်ရှိလာသည်။

ယမနေကို အရှေ့တောင်အာရှနိုင်ငံတချို့နှင့် အာဖရိကနိုင်ငံအချို့တွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။ ယမနေပင်မှသစ်သားသည် အရည်အသွေးကောင်းမွန်ခြင်း၊ သစ်တောအဖြစ်စိုက်ပျိုးရန် အလွန်ကောင်းပြီး ယမနေတောကို လွယ်ကူစွာတည်ထောင်နိုင်ခြင်း၊ ဖြစ်ထွန်းမှုမြန်ခြင်း၊ အချိန်တိုအတွင်းဝင်ငွေရရှိခြင်း၊ ကျေးလက်နေပြည်သူများအတွက် သစ်နှင့်ထင်းရရှိခြင်း၊ ပတ်ဝန်းကျင်ပြင်းထန်မှု၊ မြေဆီညံ့ဖျင်းမှု၊ ပိုးမွှားရောဂါဖျက်ဆီးမှုကို ခံနိုင်ရည်ရှိခြင်းတို့ကြောင့် စိုက်ပျိုးသင့်သော အပင်ဖြစ်သည်။

စာအုပ်ကို ရတနာတင့်စာပေတိုက်၊ ခြံအမှတ်-၂၅၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၄၀၇၇၇၈၈နှင့် ၀၉-၄၀၄၀၇၇၇၉၉တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကာတွန်းရေးဆွဲနည်း




အခြေခံကာတွန်းပညာအလွယ်ရေးဆွဲနိုင်စေရန် စာရေးသူမောင်မောင်သက်(ကာတွန်း-ပန်းချီ)ရေးသားပြုစုသည့် ကာတွန်းရေးဆွဲနည်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကာတွန်းရေးဆွဲနည်း၊ ကာတွန်းစတင်ဖြစ်ပေါ်လာရခြင်းအကြောင်း၊ ပုံဆွဲခဲတံနှင့် ခဲဖျက်ကိုအသုံးပြုနည်း၊ စုတ်တံကို အသုံးပြုရေးဆွဲနည်း၊ ကာတွန်းမျက်နှာအချိုးချပြီးရေးဆွဲနည်း၊ စက်ဝိုင်းဖြင့် မျက်နှာအနေအထားရေးဆွဲနည်း၊ ပဲစေ့နှင့် မျက်နှာပုံသဏ္ဌာန်၊ ကလေးသူငယ်ပုံရေးဆွဲနည်း၊ ကာတွန်းအထားအသိုရေးဆွဲနည်း၊ မျဉ်းကြောင်းရေးဆွဲခြင်းသဘော စသည့် အကြောင်းအရာများ ရေးသားထားသဖြင့် ကာတွန်းဝါသနာပါသူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မိုးကျော်စာပေ၊ အမှတ် (၃၈၅/ ၃၈၇)၊ ဗိုလ်ချုပ်လမ်းမကြီး၊ (၂၉-လမ်းနှင့် ရွှေဘုံသာလမ်းကြား) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၇၃၀၂၉၅၉၁၊ ၀၉ ၇၃၂၄၅၂၅၇တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## လွမ်းတိမ်ဝတ်မှုန်




စာရေးဆရာမ 'မြကြာငုံ' ၏ 'လွမ်းတိမ်ဝတ်မှုန်' ရသစုံဝတ္ထုတိုများ စာအုပ်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြန်လည်ဆန်းသစ် ထုတ်ဝေဖြန့်ချိလိုက်သည်။ စာရေးသူသည် မျက်စိဆရာဝန်တစ်ဦးဖြစ်၍ ၎င်း၏ အလုပ်ခွင်ဘဝအတွေ့အကြုံများနှင့်ပတ်သက်ဆက်နွှယ်သော အကြောင်းအရာများပါဝင်သလို လောကအကြောင်း၊ ဘဝအကြောင်း၊ ဓမ္မအကြောင်းတို့ဖြင့် မျှတစွာ ချိန်ဆရေးဖွဲ့ကာ စာပန်းချီခြယ်ထားသော ဝတ္ထုများ ပါဝင်သည်။

ဝတ္ထုတို ၁၂ ပုဒ်စလုံးတွင် ကြည်နူးဖွယ်၊ ချစ်ခင်ဖွယ်၊ အားတက်ဖွယ်၊ ကရုဏာသက်ဖွယ်စသည့် ရသပုံရိပ်စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်သည်။ စာရေးဆရာမကြီး မစန္ဒာက စာရေးသူ၏ ရင်ထဲတွင် သူ၏အလုပ်ထဲမှရရှိသော အတွေ့အကြုံနှင့် အတွေးအမြင်များက စိန်အရိုင်းတုံးလေးများအဖြစ် ကျစ်လျစ်ဖွဲ့စည်းလျက်ရှိမည်ဟု ကျွန်မယုံကြည်ပါသည်။ ထိုစိန်အရိုင်းတုံးလေးများကို 'မြကြာငုံ' က လှသည်ထက် လှပလာစေရန် အနုပညာလက်နှင့် အကွက်ဖော်ကာ သွေးပေးပါရန် တိုက်တွန်းလိုက်ပါသည် ဟူ၍လည်းကောင်း၊ စာရေးဆရာမ ဂျူးက 'မြကြာငုံ' မှာ ချစ်ခြင်းမေတ္တာရှိသည်။ တစ်ဦးတစ်ယောက်ကို ချစ်သည့်စိတ်၊ မိသားစုကို ချစ်သည့်စိတ်အပြင် သူ့နိုင်ငံသူ့လူမျိုးနှင့် သူ့ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသည့်စိတ်ကို ကျွန်မ မြင်တွေ့ရသည်။ 'မြကြာငုံ'၏ ချစ်ခြင်းမေတ္တာသည် လူသားအချင်းချင်းစာနာထောက်ထားသည့်စိတ်နှင့် အတူတကွ ရှင်သန်ခိုင်မြဲနေသည်ဟူ၍ အသီးသီး အမှာစာများရေးသားထားသည်ကို တွေ့ရှိရသည်။

စာအုပ်ကို ရောင်းဈေးငွေကျပ် ၅၀၀၀ ဖြင့် လင်းရောင်သစ်စာပေ (ဖုန်း-၀၉၄၂၈၆၂၀၁၆၃)နှင့် ရွှေသစ္စာစာပေ (ဖုန်း-၀၉၅၃၆၀၇၃၆)တို့က တစ်ပြည်လုံးဖြန့်ချိထားသည်။

## ကမ္ဘာ့ကပ်ရောဂါဆန်းကိုဗစ်




စာရေးသူ ဇင်မျိုး စီစဉ်ရေးသားသည့် တွေးစရာ ငြင်းစရာ ပြဿနာများနှင့် ကိုဗစ်ဇာစ်မြစ် (သို့မဟုတ်) ကမ္ဘာ့ကပ်ရောဂါဆန်းကိုဗစ် စာအုပ်ထွက်ရှိလာသည်။

သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာကြီးသည် လူသားတို့၏ လက်တည့်စမ်းခဲ့ကြသော ဆန်းသစ်တီထွင်မှုများ၏ ဘေးထွက်ဆိုးကျိုးများကို အများဆုံးခံစားရနေရခြင်းပင်ဖြစ်သည်။ လူသားတို့ အနိုင်မရရှိသေးသော ကိုရိုနာဗိုင်းရပ်စ်ဆိုသည့် ကပ်ရောဂါအကြောင်းကို နောက်မျိုးဆက်သစ်လူငယ်များ သိရှိလေ့လာနိုင်စေရန် မှတ်တမ်းကျန်ရစ်စေလိုသောဆန္ဒဖြင့် စာရေးသူက ရည်ရွယ်၍ရေးသားထားသည်။

စာအုပ်ကို HAE Publishing ၊ အမှတ်-၃၀၊ (၈) လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၄၀၂၁၇၅မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## နိုင်ငံတစ်ခုကိုသုတ်သင်ခြင်း




စာရေးသူ မင်းအောင်မင်း စီစဉ်ရေးသားသည့် နိုင်ငံတစ်ခုကိုသုတ်သင်ခြင်း (ယူဂိုဆလားဗီးယားအပေါ်တိုက်ခိုက်မှု) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သူတော်ကောင်းယောင်ဆောင်ထားသည့် လူသားချင်းစာနာထောက်ထားမှု၊ တတိယကမ္ဘာ တည်ထောင်ခြင်း၊ ခွဲခြားခြင်းနှင့် အောင်နိုင်ခြင်း၊ ဆလိုဗေးနီးယား၏ လမ်းချော်နေသောခြေလှမ်း၊ ခရိုအေးရှားရီပတ်ဘလစ်နှင့် ဖောက်ပြန်ရေးသမား၊ အခြားသော ရက်စက်ယုတ်မာမှုများ၊ ပျက်စီးမှုကိုအကြောင်းပြခြင်း(ပြိုင်ပွဲ၌ သုတ်သင်ခြင်း)၊ ယူဂိုဆလားဗီးယား၏အနာဂတ် ဘူလ်ဂေးရီးယားလိုဖြစ်မလား စသည့်အကြောင်းအရာများကို အခန်း ၂၀ ဖြင့် စိတ်ဝင်စားဖွယ် ရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄(B)၊ လမ်း(၄၀)အပေါ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Hot Line-၀၉ ၇၃၂၀၁၅၈၆၊ Office- ၀၉ ၇၉၅၂၆၇၈၃၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## နှလုံးသားဒိုင်ယာရီထဲက ဒေသကဗျာများ




စာရေးသူ အညာမြေ မောင်သောင်းနွယ် စီစဉ်ရေးသားသည့် နှလုံးသားဒိုင်ယာရီထဲက ဒေသကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နှလုံးသားထဲက ဆည်းလည်းသံ၊ အမေ့အမွေ ဘဝင်တိုင်စေ၊ ပူဇာမင်္ဂလာ၊ ပူဇော်ချိန်ရ ဝမ်းမြောက်စွ၊ ယဉ်ကျေးမှုအမွေ မဆုံးရှုံးစေချင်၊ လရောင်ယှဉ်လင်း တို့ရွာတွင်း၊ မြဝတီမင်းကြီး ဦးစမှသည်၊ တန်ခူးလထူး ချစ်မြားစူး၊ အဖိုးတန်စွ ကြည့်ကွက်လှ၊ ပတ္တမြားသေး မြက်ပင်သေးလည်း၊ သူ့အလှည့် ကိုယ့်အလှည့်၊ ပေးလိုက်သည့်အနှုတ္တအမွေ စသည့် စိတ်ဝင်စားဖွယ် ကဗျာအပုဒ်ပေါင်း ၇၀ကျော်ကို ရေးဖွဲ့ထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

# ကိုဗစ်-၁၉ ထုတ်ပြန်ချက်နှင့် သတင်း

ကြေးမုံ
ဒီဇင်ဘာ ၇၊ ၂၀၂၀

○ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၆-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၅၄၁) ဦး | (၁,၂၈၈,၃၆၅) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၀၈) ဦး | (၉၉,၁၅၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၅၄) ဦး | (၇၇,၆၃၆) ဦး |
| သေဆုံးလူနာ | (၂၉) ဦး | (၂,၁၁၀) ဦး |

- ယနေ့ သေဆုံးသူ (၂၉) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၅) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၅၄) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၄၄၂) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၈၁၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၅၃) ဦးတွင်-
  - Hotel Quarantine - (၁၉၅) ဦး
  - Facility Quarantine - (၁၉၉) ဦး
  - Community Based Facility Quarantine - (၆၂၀) ဦး
  - Anosmia Center - (၁၃၉) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၉၈၃၄၂၅ | ၈၇၈၇၇၃၈ | ၂၈၇၈၂၅ |
| ၂။ | အိန္ဒိယ | ၉၆၄၆၈၄၉ | ၉၁၀၂၅၀၁ | ၁၄၀၂၃၆ |
| ၃။ | ဘရာဇီး | ၆၅၇၇၁၇၇ | ၅၇၆၁၃၆၃ | ၁၇၆၆၄၁ |
| ၄။ | ရုရှား | ၂၄၆၀၇၇၀ | ၁၉၃၇၇၃၈ | ၄၃၁၄၁ |
| ၅။ | ပြင်သစ် | ၂၂၈၁၄၇၅ | ၁၆၉၃၅၈ | ၅၄၉၈၁ |
| ၆။ | အီတလီ | ၁၇၀၉၉၉၁ | ၈၉၆၃၀၈ | ၅၉၅၁၄ |
| ၇။ | ဗြိတိန် | ၁၇၀၅၉၇၁ | စိစစ်ဆဲ | ၆၁၀၁၄ |
| ၈။ | စပိန် | ၁၆၉၉၁၄၅ | စိစစ်ဆဲ | ၄၆၂၅၂ |
| ၉။ | အာဂျင်တီးနား | ၁၄၅၉၈၃၂ | ၁၂၈၈၇၈၅ | ၃၉၆၃၂ |
| ၁၀။ | ကိုလံဘီယာ | ၁၃၆၂၂၄၉ | ၁၂၄၉၇၀၂ | ၃၇၆၃၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၇၅၇၉၆ | ၄၇၄၇၇၁ | ၁၇၇၄၀ |
| ၂။ | ဖိလစ်ပိုင် | ၄၃၉၈၃၄ | ၄၀၈၆၃၄ | ၈၅၅၄ |
| ၃။ | မြန်မာ | ၉၉၁၅၅ | ၇၇၆၃၆ | ၂၁၁၀ |
| ၄။ | မလေးရှား | ၇၂၆၉၄ | ၆၁၂၇၃ | ၃၈၂ |
| ၅။ | စင်ကာပူ | ၅၈၂၆၀ | ၅၈၁၅၈ | ၂၉ |
| ၆။ | ထိုင်း | ၄၀၈၆ | ၃၈၅၃ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၆၆ | ၁၂၂၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၄၆ | ၃၀၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၁ | ၁၄၇ | ၃ |
| ၁၀။ | လာအို | ၃၉ | ၂၆ | ၀ |

## မိုးကောင်းမြို့၌ နှာခေါင်းစည်းတပ်ဆင်မှု ရှိ၊ မရှိ လိုက်လံစစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့ စည်ပင်သာယာရေးပိုင်ဈေးများတွင် ဈေးရောင်း ဈေးဝယ်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နှာခေါင်းစည်းတပ်ဆင်ထားမှု ရှိ၊ မရှိ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များက ယနေ့ နံနက် ၇ နာရီခွဲက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များသည် မြို့မဈေးနှင့် ရပ်ကွက်ဈေးတို့၌ ဈေးရောင်းဈေးဝယ်များ နှာခေါင်းစည်းမတပ်ဆင်သူများကို နှာခေါင်းစည်းတပ်ရန် သတိပေးခြင်း၊ အခမဲ့နှာခေါင်းစည်းပေးဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက အဖွဲ့လေးဖွဲ့ခွဲ၍ တစ်ပတ်လျှင်တစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**






## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၂ ဦးအား မြန်မာသံရုံး ရီယာဒ်မြို့နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် (MSESF) တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်းစဉ်

# ဆေးရုံတွေမှာ သေသေချာချာ စီစဉ်ပေးထား၊ ဘာမှ စိုးရိမ်စရာမလို

ကျွန်မထပ်ပြီး သတိပေးချင်တာကတော့ ရောဂါလက္ခဏာရှိတယ်ဆိုရင် ဆေးရုံကိုမြန်မြန်သွားစေချင်တာပါ။ ဆေးရုံကို တက်ရမှာကြောက်လို့ မသွားကြဘူးဆိုပြီး အဲဒီလိုသတင်းတွေလည်း ကျွန်မတို့ကြားရတယ်။ အသေအပျောက်ရှိတဲ့အခါ ကွယ်လွန်အနိစ္စရောက်သွားတဲ့သူ တော်တော်များများဟာ ဆေးရုံတက်တာ နောက်ကျတာလို့ နားလည်ပါတယ်။ အဲဒီတော့ စောစောစီးစီးတက်ဖို့ အင်မတန်မှအရေးကြီးပါတယ်။ စောစောစီးစီး ဆေးရုံတက်ရမှာ စိုးရိမ်ကြတယ်လို့လည်း ကျွန်မ နားလည်ပါတယ်။ စိုးရိမ်ကြတယ်ဆိုတာဟာ စောစောပိုင်းကဆိုရင် ကျွန်မတို့က ကိုဗစ်အတွက် ပြင်ဆင်မှုတွေဟာ သိပ်ပြီးတော့ မလုံလောက်သေးတော့ မပီပြင်သေးဘူးပဲ ပြောရမှာပေါ့။ အဲဒီအချိန်ကာလတုန်းကဆိုရင် ဆေးရုံတက်ရတာဟာ အဆင်မပြေဘူးဆိုတဲ့ သတင်းတွေပြန့်တော့ တချို့က တက်ရမှာကြောက်တယ်လို့ ကြားပါတယ်။ အခုတော့ ဆေးရုံတွေမှာ သေသေချာချာ စီစဉ်ထားပါတယ်။ ဘာမှလည်း စိုးရိမ်စရာမလိုပါဘူး။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀–၁၁–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆–၁၂–၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

(၅–၁၂–၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၅၂၇) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒေါပုံ | ၈၁ |
| | | လှိုင်သာယာ | ၆၆ |
| | | သာကေတ | ၅၄ |
| | | သင်္ဃန်းကျွန်း | ၄၉ |
| | | မရမ်းကုန်း | ၄၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၄၂ |
| | | လှိုင် | ၃၉ |
| | | ရွှေပြည်သာ | ၃၂ |
| | | အင်းစိန် | ၃၀ |
| | | မင်္ဂလာဒုံ | ၂၈ |
| | | စမ်းချောင်း | ၂၈ |
| | | မြောက်ဥက္ကလာပ | ၂၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း)* | ၂၅ |
| | | တောင်ဥက္ကလာပ | ၂၄ |
| | | ဒဂုံ | ၂၃ |
| | | ကြည့်မြင်တိုင် | ၁၉ |
| | | တာမွေ | ၁၉ |
| | | မင်္ဂလာတောင်ညွန့် | ၁၈ |
| | | ကမာရွတ် | ၁၈ |
| | | အလုံ | ၁၇ |
| | | ရန်ကင်း | ၁၇ |
| | | ဗဟန်း | ၁၆ |
| | | တိုက်ကြီး | ၁၂ |
| | | ဗိုလ်တထောင် | ၁၀ |
| | | ပုဇွန်တောင် | ၉ |
| | | ကြည့်မြင်တိုင် | ၉ |
| | | ပန်းဘဲတန်း | ၇ |
| | | မင်္ဂလာတောင်ညွန့် | ၆ |
| | | လသာ | ၅ |
| | | ကော့မှူး | ၅ |
| | | သုံးခွ | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | အလုံ | ၄ |
| | | ဒလ | ၃ |
| | | ကျောက်တန်း | ၃ |
| | | လှည်းကူး | ၂ |
| | | သန်လျင် | ၂ |
| | | ကော့မှူး | ၂ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ခရမ်း* | ၁ |
| | | စုစုပေါင်း | ၈၄၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၆၇ |
| | | ချမ်းအေးသာဇံ | ၄၅ |
| | | အောင်မြေသာဇံ | ၃၈ |
| | | ချမ်းမြသာစည် | ၃၂ |
| | | အမရပူရ | ၁၄ |
| | | ပြည်ကြီးတံခွန် | ၁၃ |
| | | ပုသိမ်ကြီး | ၁၂ |
| | | မိုးကုတ် | ၁၀ |
| | | ပြင်ဦးလွင် | ၄ |
| | | ပျော်ဘွယ်* | ၄ |
| | | မြင်းခြံ* | ၃ |
| | | ကျောက်ဆည် | ၃ |
| | | မိတ္ထီလာ | ၂ |
| | | မြစ်သား | ၂ |
| | | တံတားဦး | ၂ |
| | | မလှိုင် | ၂ |
| | | နွားထိုးကြီး | ၁ |
| | | ရမည်းသင်း | ၁ |
| | | မတ္တရာ | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | ကူမဲ | ၁ |
| | | စုစုပေါင်း | ၂၆၈ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၄ |
| | | သာယာဝတီ | ၁၉ |
| | | တောင်ငူ | ၆ |
| | | ဒိုက်ဦး | ၆ |
| | | ရွှေကျင် | ၅ |
| | | ကျောက်တံခါး | ၅ |
| | | ပြည် | ၃ |
| | | ဖြူး | ၃ |
| | | သုံးဆယ် | ၂ |
| | | ဝေါ | ၂ |
| | | အုတ်ဖို | ၂ |
| | | ညောင်လေးပင် | ၁ |
| | | ထန်းတပင် | ၁ |
| | | ကဝ | ၁ |
| | | ပန်းတောင်း* | ၁ |
| | | ပြည် | ၁ |
| | | စုစုပေါင်း | ၈၆ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ခင်ဦး | ၃၂ |
| | | ရွှေဘို | ၂၂ |
| | | ကလေး | ၁၁ |
| | | မုံရွာ | ၆ |
| | | ကောလင်း | ၄ |
| | | မုံရွာ | ၃ |
| | | ယင်းမာပင် | ၂ |
| | | ပင်လည်ဘူး | ၂ |
| | | ကနီ | ၁ |
| | | ကန့်ဘလူ | ၁ |
| | | စုစုပေါင်း | ၈၄ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဓနုဖြူ | ၁၅ |
| | | ဟင်္သာတ | ၁၄ |
| | | ကျုံပျော် | ၆ |
| | | ပုသိမ် | ၇ |
| | | မအူပင် | ၅ |
| | | မြောင်းမြ | ၄ |
| | | ပုသိမ် | ၃ |
| | | ဖျာပုံ | ၃ |
| | | မြန်အောင် | ၂ |
| | | ဘိုကလေး | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဇလွန် | ၁ |
| | | အင်္ဂပူ | ၁ |
| | | လပွတ္တာ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | ဓနုဖြူ | ၁ |
| | | စုစုပေါင်း | ၆၅ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၈ |
| | | သထုံ | ၁၉ |
| | | မုဒုံ | ၂ |
| | | ကျိုက်ထို | ၂ |
| | | ဘီလင် | ၁ |
| | | ရေး | ၁ |
| | | ကျိုက်မရော | ၁ |
| | | စုစုပေါင်း | ၅၈ |
| ၇။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၇ |
| | | မကွေး | ၄ |
| | | ပခုက္ကူ | ၅ |
| | | ဆိပ်ဖြူ | ၃ |
| | | ချောက် | ၃ |
| | | မကွေး | ၂ |
| | | နတ်မောက် | ၁ |
| | | စလင်း | ၁ |
| | | မင်းလှ | ၁ |
| | | သရက် | ၁ |
| | | ရေနံချောင်း | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၈။ | ရခိုင်ပြည်နယ် | စစ်တွေ | ၇ |
| | | ကျောက်ဖြူ | ၆ |
| | | မြောက်ဦး | ၆ |
| | | ရမ်းဗြဲ | ၃ |
| | | ကျောက်တော် | ၃ |
| | | မာန်အောင် | ၂ |
| | | ဇစ်သံ | ၁ |
| | | အမ်း | ၁ |
| | | ရသေ့တောင် | ၁ |
| | | စုစုပေါင်း | ၂၈ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၇ |
| | | ကော့သောင်း | ၆ |
| | | ထားဝယ် | ၃ |
| | | ပုလော | ၂ |
| | | ဘုတ်ပြင်း | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၁၀။ | ကရင်ပြည်နယ် | မြဝတီ | ၁၇ |
| | | စုစုပေါင်း | ၁၇ |
| ၁၁။ | နေပြည်တော် | ဇမ္ဗူသီရိ | ၅ |
| | | ပျဉ်းမနား | ၄ |
| | | ဥတ္တရသီရိ | ၂ |
| | | လယ်ဝေး | ၂ |
| | | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၂။ | ကချင်ပြည်နယ် | ဖားကန့် | ၅ |
| | | မြစ်ကြီးနား | ၃ |
| | | စုစုပေါင်း | ၈ |
| ၁၃။ | ရှမ်းပြည်နယ် | မိုင်းမောင်း | ၂ |
| | | ပလောင်ဟိုပီ | ၂ |
| | | ဆီဆိုင် | ၁ |
| | | ကလော | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၄။ | ချင်းပြည်နယ် | ပလက်ဝ | ၁ |
| | | စုစုပေါင်း | ၁ |
| | | (၅–၁၂–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၅၂၇) ဦး |

* ပန်းတောင်းမြို့နယ်မှ (၁)ဦး၊ ပျော်ဘွယ်မြို့နယ်မှ (၁)ဦး၊ မြင်းခြံမြို့နယ်မှ (၁)ဦး၊ ခရမ်းမြို့နယ်မှ(၁)ဦးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှပြန်လည်ရောက်ရှိလာပြီး အသွားအလာ ကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၅–၁၂–၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၂၇) ဦးတွင် အနံ့မရရှိသူ (၂၁၉) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# လောကဓံနဲ့ ပျော်မွေ့ရ တက္ကသိုလ်ကျောင်းသူဘဝ

## ရာသက်ပန် (တောင်ငူဆောင်)

ရန်ကုန်တက္ကသိုလ်(ပင်မ)သို့ ၁၉၈၅ ခုနှစ်တွင် ကျွန်မ ရောက်ခဲ့သည်။ ကျွန်မ အမေနှင့် အဖေက ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှကျောင်းပြီးခဲ့သည်။ ပြည်ကောလိပ်တွင် နှစ်နှစ်တက်ပြီး ဂုဏ်ထူးတန်းတက်ခွင့်ရသောကြောင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရခြင်းဖြစ်သည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်နယ်မြေခွဲတွေရှိသည်။ RC 1 ဟုခေါ်သော ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ RC 2 ဟုခေါ်သော ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ RC 3 ဟု ခေါ်သော ရန်ကုန်တက္ကသိုလ်(ကြည့်မြင်တိုင်နယ်မြေ)တို့ဖြစ်သည်။ ထိုကျောင်းများတွင် နှစ်နှစ်တက်ပြီး တတိယနှစ်ရောက်မှ ရန်ကုန်တက္ကသိုလ် (ပင်မ)သို့ ရောက်သည်။ ထိုအချိန်က စစ်တွေကောလိပ်သည်လည်း ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံဖြစ်သည်။ စစ်တွေကောလိပ်တွင် နှစ်နှစ်တက်ပြီး တတိယနှစ်ရောက်လျှင် ရန်ကုန်တက္ကသိုလ်(ပင်မ)သို့ ရောက်သည်။ အမေက ရန်ကုန်တက္ကသိုလ်သို့ လိုက်ပို့သည်။ ကက်ရှ်ဟုခေါ်သော ငွေသွင်းကောင်တာတွင် ရခိုင်ကျောင်းသား ကျောင်းသူတို့၏ရခိုင်သံဝဲဝဲကိုငွေလက်ခံသူနားမလည်သောကြောင့် အမေက စကားပြန်လုပ်ပေးခဲ့ရသေးသည်။ အမေက ကျောက်ဖြူသူ၊ ကျောက်ဖြူကောလိပ်မှ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသူဖြစ်သည်။

### ကျောင်းအရှိန်အဝါက ကြီးလှ

'အမေတို့ ဒီကျောင်းကထွက်ပြီး အနှစ် ၂၀ အကြာမှာ သမီးကို ဒီကျောင်းလိုက်ပို့ရတယ်'ဟု အမေက တဖွဖွပြောသည်။ အမေ့မျက်နှာမှာ အတိတ်ခြေရာတို့ကို ရှာဖွေရင်း နှုတ်ဆိတ်နေသည်ဟု ခံစားမိသည်။



တောင်ငူဆောင်။ ဓာတ်ပုံ-မြင့်မောင်မောင်

မင်းမနိုင်၊ ဦးဝိစာရအိမ်ရာတွင် ခေတ္တတည်းခိုပြီး ကျောင်းတက်ခဲ့ရသည်။ အဆောင်လျှောက်ထားသော်လည်း မရခဲ့။ ထိုအချိန်က အစိုးရကျောင်းဆောင်နေချင်သော ကျောင်းသူ အရေအတွက်များလှသည်။ ပြည်ကောလိပ် မြန်မာစာမှ ဂုဏ်ထူးတန်းဝင်သူ သုံးယောက်ရှိရာ တစ်ယောက်သာ ရတနာဆောင်မှာ နေခွင့်ရသည်။ ကျွန်မနှင့် သူငယ်ချင်း ခင်အေးကြူမှာ တံတားဖြူကန်လမ်းက မေခလာဆောင်တွင်နေရသည်။ အခန်းလေးကျဉ်းပြီး နှစ်ယောက် နေရသော်လည်း ပျော်ကြသည်။ ထိုအဆောင်တွင် အလုပ်လုပ်သူအချို့ ရှိသော်လည်း ကျောင်းသူများသည်။ အရှေ့ဘက်မျက်နှာစာ အခန်းများ၏နောက်ဘက်တွင် လမ်းကျဉ်းလေးရှိပြီး နောက်တွင် အခန်းများရှိသေးသည်။ အောက်ထပ်တွင်လည်း မြေစိုက်အခန်းများ ရှိသေးသည်။ ရေချိုးလျှင် အောက်ထပ်ရေကန်ကြီးတွင်ချိုးကြရသည်။ ရန်ကုန်တက္ကသိုလ်သို့ရောက်ခါစက မပျော်၊ ပြည်ကောလိပ်ကိုသာ သတိရနေသည်။ နောက်တော့ သူငယ်ချင်းများ ရလာပြီး ပျော်သွားသည်။ ထိုစဉ်က တံတားဖြူကန်လမ်းတွင် အပြင်ဆောင်တွေများလှသည်။ လမ်းထိပ်တွင် ခရမ်းပြာဆောင်ရှိသည်။ အဆိုတော် ခင်မောင်တိုးတို့၊ ကိုရဲလွင်တို့နေသည်။ တံတားဖြူကန်လမ်းသည် ကျောင်းသားကျောင်းသူတို့ဖြင့် စည်ကားခဲ့သည်။ ပြည်လမ်းကိုဖြတ်၊ ကန်ပေါင်ပေါ်တက်ပြီး ကျောင်းသွားရသည်မှာလည်း ပျော်စရာကောင်းလှသည်။ ထိုအချိန်က ကန်ပေါင်နှင့် ရန်ကုန်တက္ကသိုလ် တစ်ဝိုက်တွင် ကျောင်းသားကျောင်းသူ မဟုတ်ပါက မလာရဲလောက်အောင် ကျောင်းအရှိန်အဝါက ကြီးလှသည်။

တစ်ယောက်တည်း ကျောင်းသွားလည်း ကြောက်စရာမရှိပေ။ ပြည်လမ်းမကြီးဘေးတွင်လည်း ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းနေသည်။ အင်းလျားရေပြင်ပေါ်တွင် တက္ကသိုလ်များ လှေလှော်ရွက်တိုက်အသင်းသား အသင်းသူများ၏ လှေလေးများကိုလည်း တွေ့ရတတ်သည်။ စီးပွားရေးတက္ကသိုလ် နောက်ဘက်တွင် လူဝင်ပေါက်လေးရှိသည်။ ထိုအပေါက်လေးမှတစ်ဆင့် ကျောင်းထဲသို့ဝင်ပြီး အဓိပတိလမ်းကိုလျှောက်ကာ တောင်ငူဆောင်သို့ကျောင်းတက်ခွင့်ရခဲ့သည့်အချိန်တို့ကို ပြန်ပြောင်းတွေးတောမိတိုင်း လွမ်းမောရသည်။ အာရ်စီကို ဖြတ်ဝင်လျှင် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှ ဂီတသံများကို ကြားရတတ်သည်။ ဂျပ်ဆင်နောက်ဘက်လျှောက်လမ်းမှတစ်ဆင့် ရွှေဘိုဆောင် ဘေးလမ်းကို ဖြတ်တော့ ဥပဒေကျောင်းသားတို့၏ ဂစ်တာသံ၊ သီချင်းသံ၊ စနောက်သံတို့ကို ကြားရတတ်သည်။ ဒဂုံဆောင်ကိုဖြတ်လျှင် ဘူမိဗေဒကျောင်းသားတို့က အော်ဟစ်စနောက်ကြပြန်သည်။ တောင်ငူဆောင်ရှေ့လမ်းမကြီးသည် ကျောင်းသား ကျောင်းသူများ ခြေချင်းလိမ် စည်ကားသော ခေတ်အခြေအနေတစ်ခုဖြစ်ခဲ့သည်။ ထိုလမ်းမကြီးတို့တွင် ကံ့ကော်၊ စိန်ပန်း၊ ငုပန်း၊ ပိတောက်ဝါတို့ ချိန်သင့်ခါသင့် ပွင့်ကြသည်။ ထိုအခါ ကျွန်မတို့က လမ်းလျှောက်ရင်း 'စိန်ပန်းနဲ့ ကံ့ကော်ပွင့်တွေ ခင်းတဲ့လမ်းမှာ လျှောက်ခဲ့ဖူးပါသည် . . .' ဟု သီချင်း ဆိုညည်းမိတတ်သည်။

"ပင်ယံ ကံ့ကော်တွေပွင့်ပြန်ပြီလေ . . . နေနိုင်ရက်သူရေ မွှေးပါစေ" ဆိုသော သီချင်းစာသားကိုလည်း ဆိုမိတတ်သည်။ တက္ကသိုလ်ထဲက နွေဦးသြတွေ တေးဆိုသလို နေမှာပေါ့လေဟု တွေးမိသည်။ အမိတက္ကသိုလ်ကြီးက ပညာသင်ပေးရုံသာမက ပေါင်းသင်းဆက်ဆံရေးကိုလည်း သင်ပေးသည်။ အဆောင်မှာ အတူနေ သူငယ်ချင်းများစွာရှိသလို စာသင်ခန်းထဲမှ သူငယ်ချင်းများစွာကိုလည်း ခင်မင်ခွင့်ရခဲ့သည်။ မေဂျာတူ သူငယ်ချင်းတွေရှိသလို မေဂျာမတူ သူငယ်ချင်းတွေလည်းရခဲ့သည်။ မြန်မာနိုင်ငံအနှံ့အပြားမှ သူငယ်ချင်းများစွာ ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ခုချိန်ထိ အဆက်အသွယ် မပြတ်ကြသော သူငယ်ချင်းတွေရှိသလို ဝေးကွာပြီး အဆက်အသွယ်ပြတ်သွားသူ အချို့လည်း ရှိပါသည်။ ဝေးကွာသွားသော်လည်း ထိုအချိန် ဘဝစာမျက်နှာများကို ပြန်လည်လှန်လှော ကြည့်မိတိုင်း သူတို့၏အရိပ်တွေက ပုံရိပ်ထင်လာမြဲပါ။ ပိုက်ဆံမရှိသော်လည်း ရှိအတူမရှိအတူ အေးအတူပူအမျှ နေကြသည်။ တောင်ငူဆောင် ကင်န်တင်း၊ ဦးချစ်ဆိုင်တို့သည် ကျွန်မတို့ သူငယ်ချင်းတစ်စု၏ ချိန်းဆိုရာနေရာဖြစ်သည်။ ဆုံစည်းရာ ဘူမိနက်သန်လည်းဖြစ်သည်။

### ရွှေတိဂုံဘုရားသို့ သွားကြ

ထမင်းကြော်၊ အသုပ်တစ်ပွဲကို တစ်ယောက်တစ်ပွဲ ဝယ်မစားဘဲ ဝမ်းတူးရိုက်ကြသည်။ တစ်ပွဲကိုနှစ်ယောက်စပ်တူစားခြင်းကို ဝမ်းတူးရိုက်သည်ဟုဆိုကြသည်။ အဆောင်က သူငယ်ချင်းတွေနဲ့လည်း ထိုနည်းလည်းကောင်းပင်။ အိမ်က ပို့သမျှ ဟင်းတွေကို ဝေစား မျှစားကြသည်။ တစ်ယောက်ပါးစပ်က တစ်ယောက်နှိုက်စားကြသည်။ သူငယ်ချင်း ညီအစ်မ မောင်နှမတွေဟုပင် ဆိုရပေမည်။ မနက်အစောကြီးထပြီး ရွှေတိဂုံဘုရားသို့ သွားကြသည်။ မှတ်တိုင်တွင် ဘတ်စ်ကားစောင့်နေစဉ် ကိုယ်ပိုင်ကားတစ်စီး ထိုးဆိုက်လာသည်။ ကိုယ်တွေထက် အရွယ်မတိမ်းမယိမ်း လူငယ် နှစ်ယောက်၊ ဆွေမျိုးကိုလေဆိပ်ပို့ပြီး ပြန်လာတာဟု ဆိုသည်။ ကိုယ်တွေကို လမ်းကြုံတင်ပြီး ဘုရားလိုက်ပို့ပေးသည်။ လမ်းမှာ နာမည်တွေမေးတော့ 'သပြေ၊ မဟေသီ၊ ချယ်ရီ၊ စန္ဒာ၊ စံပယ်ဖြူ' စသည်ဖြင့် လွှဲပြောမိသည်။ တကယ်တော့ ထိုအချိန်က ထွက်နေသော လစဉ်ထုတ် မဂ္ဂဇင်းများ၏ အမည်ဖြစ်သည်။ သူတို့ နှစ်ယောက်က စာမဖတ်၍မသိဟု ထင်သည်။ အဆောင်နာမည်ကိုတော့ 'မေခလာဆောင်'ဟု အမှန်ပြောမိသည်။ များမကြာမီရက်များတွင် သူတို့နှစ်ယောက်အဆောင်သို့ရောက်လာသည်။ 'မဟေသီ၊ ချယ်ရီ၊ စန္ဒာ' စသော မဂ္ဂဇင်း နာမည်တွေနှင့်မေးတော့ ဘယ်သူမှ မသိတော့၊ အချို့က စာအုပ်ငှားဆိုင်နဲ့ မှားလာလေသလား စနောက်ကြသည်။ ကျွန်မတို့သူငယ်ချင်းတွေ ကြိတ်ရယ်ကြသည်။ နောက်တော့လည်း ဆင်းတွေ့လိုက်ပါသည်။ အမှတ်တရတစ်ခုက အဆောင်မှာ ရေမလာ၍ အင်းလျားကန်စပ်မှာ အကျႌ ထဘီတွေနှင့် ဆင်းစိမ်ရေချိုးခြင်းဖြစ်သည်။ ပျော်လိုက်လေခြင်း။ **စာမျက်နှာ ၁၉ သို့** ○

**တစ်ယောက်တည်း ကျောင်းသွားလည်း ကြောက်စရာမရှိပေ။ ပြည်လမ်းမကြီးဘေးတွင်လည်း ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းနေသည်။ အင်းလျားရေပြင်ပေါ်တွင် တက္ကသိုလ်များ လှေလှော်ရွက်တိုက်အသင်းသား အသင်းသူများ၏ လှေလေးများကိုလည်း တွေ့ရတတ်သည်။ စီးပွားရေးတက္ကသိုလ် နောက်ဘက်တွင် လူဝင်ပေါက်လေးရှိသည်။ ထိုအပေါက်လေးမှတစ်ဆင့် ကျောင်းထဲသို့ဝင်ပြီး အဓိပတိလမ်းကိုလျှောက်ကာ တောင်ငူဆောင်သို့ ကျောင်းတက်ခွင့်ရခဲ့သည့်အချိန်တို့ကို ပြန်ပြောင်းတွေးတောမိတိုင်း လွမ်းမောရ။**

❍ စာမျက်နှာ ၁၈ မှ

ပြီးတော့ အုပ်စုလိုက် ကန်လမ်းထဲ အပြေးပြန်ကြသည်။ ရေတွင်းမှာ ရေပြန်ချိုးတော့ ရေထမ်းရောင်းသည့်သူက ရေတွေငင်ကာ လောင်းပေးသည်။ တပျော်တပါး ချိုးကြသည်။ နောက်တစ်နှစ်မှာတော့ အင်းလျားလမ်းထဲက သဇင်ဆောင်သို့ ပြောင်းကြသည်။

**မေ့မရသော နေ့စွဲများလည်းဖြစ်**

ခေမရဋ္ဌ စားသောက်ဆိုင်ဘေးလမ်းက ဝင်သွားရသည်။ သဇင်ဆောင်မှာလည်း ပျော်သည်။ ဒုတိယနှစ်ဂုဏ်ထူးတန်းစာမေးပွဲဖြေနေရင်း ငွေစက္ကူတွေ သိမ်းသည့်ဖြစ်ရပ်ဖြစ်သည်။ ရေဒီယိုဖွင့်ပြီး စာလုပ်နေသောကြောင့် သတင်းကိုကြားကြားချင်း အံ့ဩရသည်။ ပြီးတော့ စိတ်ညစ်သွားသည်။ အားလုံးအတွက် စိတ်ပူပြီး စာဆက်လုပ်၍ မရတော့၊ အသစ်လေးတွေမို့ စုထားသော နှစ်ဆယ့်ငါးကျပ်တန်၊ ဆယ့်ငါးကျပ်တန်တွေ သုံးမရတော့ပြီ၊ မနေ့ညကမှ အိမ်ကပို့လိုက်သော ခုနစ်ဆယ့်ငါးကျပ်တန်နှစ်ရွက်မှာ တစ်ရွက်မိသည်။ တစ်ရွက်က အစ်ကိုဝမ်းကွဲလာချေးသွားသည်။ သူ့ခမျာလည်း သုံးရသေးဟန် မတူ။ ငါးမူးစေ့လေးများထည့်စုထားသော စုဘူးလေးကို ထုခွဲခဲ့ရသည်။ အတူနေ သူငယ်ချင်း မခင်ဖော်နှင့် ကျွန်မက ငွေကိုမျှသုံးသည်။ သူ့ အစ်ကိုကြီး ငွေလာမပို့သေးလျှင် ကျွန်မအိမ်ကပို့သည့်ငွေနှင့် အတူသုံးသည်။ အတူချက်စားသည်၊ ကျွန်မ၏မိဘများမှာ ကျောင်းဆရာများဖြစ်သည်။ အမေက ကျွန်မ၏ကျောင်းစရိတ်အတွက် ပုဇွန်တောင် ကြက်တန်းက လုပ်ငန်းရှင်တစ်ဦးထံ ချေးထားသောငွေမှ အတိုးကို လစဉ်သွားထုတ်သုံးစေသည်။ လဆန်းရက်လည်းဖြစ် စာမေးပွဲအတွက် စာကျက်နေရသောရက်တွေ ဖြစ်သောကြောင့် အတိုးငွေကို သွားမထုတ်မိသေးပေ။ ပြောရလျှင် အတိုးငွေ ဆုံးရှုံးသွားပါသည်။ ထိုလုပ်ငန်းရှင်ကလည်း ငွေစက္ကူတွေ အသိမ်းခံရသည့်အထဲပါသွားပြီဟု အကြောင်းပြသည်။ အရင်းတောင် ပြန်မရတော့ပါ။ မိဘများ၏ ချွေးနှဲစာမို့ နှမြောဝမ်းနည်းမိသည်။ ထိုစဉ်က ကျောင်းဆောင်နေကျောင်းသားများကို ကား၊ သင်္ဘော၊ ရထားတို့ဖြင့် ပြန်ပို့သည်။ ထိုက်သင့်သောလမ်းစရိတ် အနည်းငယ်လည်း ထုတ်ပေးသည်ဟု သိရသည်။ ကျွန်မတို့အပြင်ဆောင်နေသူများကတော့ ပိုက်ဆံမရပါ။ ကျောင်းသားကတ်ပြပြီး ရထားအလကားစီးပြန်ခဲ့ရသည်။ ရုတ်တရက် ကျောင်းပိတ်လိုက်၍ အားလုံးအံ့ဩဝမ်းနည်းကြသည်။ အဓိပတိလမ်းပေါ်တွင် ဟီးနိုးကားများ ရပ်ထားသည်။ ထိုကားများပေါ်တွင် အိမ်ပြန်မည့်ကျောင်းသား ကျောင်းသူတို့ရှိသည်။ မပြန်ရသေးသည့် ကျောင်းသား ကျောင်းသူတို့ကလည်း ကျောင်းထဲ လှည့်ပတ်ကြည့်ပြီး လက်ပြနှုတ်ဆက်ကြသည်။ စိတ်မကောင်းတော့ မျက်နှာတွေ မကောင်းကြ။ ဘယ်တော့ ကျောင်းပြန်ဖွင့်မလဲ၊ စာမေးပွဲက တန်းလန်း၊ လောကခံတရား၏ရိုက်ချက်ပြင်း၊ သည်ဖြစ်ရပ်တွေက တက္ကသိုလ်ကျောင်းသူဘဝ၏ အမှတ်တရများဖြစ်သလို မမေ့နိုင်သော၊ မေ့မရသော နေ့စွဲများလည်း ဖြစ်သည်။

**မည်သို့ပင် ဆိုစေကာမူ တက္ကသိုလ်ကြီးက လဲပြိုမသွားဘဲ ပြန်၍ထမတ်နိုင်ခဲ့သည်။ နှစ် ၁၀၀ ပြည့်ပြီ၊ ကျောင်း လေးနှစ်အောက် ခံရပြီး ကျောင်းသက်ရှည် ခဲ့ရသော ကျွန်မလည်း ပါမောက္ခအဖြစ် တိုင်းပြည် တာဝန်များကို ထမ်းဆောင်နေပေပြီ။**

သူငယ်ချင်းညီအစ်မ မောင်နှမတွေရဲ့ ချစ်ခင်ရင်းနှီးမှုမှတ်တမ်းကိုလည်း ရေးထိုးပြီး ဖြစ်သည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့သည် သိသိမသိသိ၊ ခင်ခင်မခင်ခင် လက်သည်းဆိတ်တော့ လက်ထိပ်နာသည် ဟူသောသဘောရှိကြောင်း ထိုဖြစ်ရပ်တွေက သက်သေရှိသည်။ ကျွန်မက ရန်ကုန်-ပြည် ရထားစီးပြီး နတ်တလင်းသို့ပြန်သည်။ ကျွန်မနေသော အိုးသည်ကုန်းမှာ အမြန်ရထားမရပ်သောကြောင့် အဘိုးအဘွားရှိရာ နတ်တလင်းသို့ ပြန်ရခြင်းဖြစ်သည်။ ရထားက သာယာဝတီဘူတာမှ စရပ်သည်။ ကျောင်းသားကျောင်းသူအချို့ ဆင်းသွားသည်။ ရထားတွဲတိုင်းမှ ကျောင်းသားကျောင်းသူများ ခေါင်းထွက်ကာ လက်ပြနှုတ်ဆက်ကြသည်။ ဆင်းသွားသူတို့ကလည်း မှုန်ပျပျသာမြင်ရသည်အထိ လက်ပြနှုတ်ဆက်ကြသည်။

ထိုအချိန်ကာလများတွင် ခိုင်ထူး၏ 'အစောဆုံးပြန်ခဲ့' တေးစီးရီးနှင့် ထူးအိမ်သင်၏ 'နာရီပေါ်က မျက်ရည်စက်များ' တေးစီးရီးတို့ ခေတ်စားလျက်ရှိသည်ကို မှတ်မိနေပါသည်။ ထိုစဉ်က ဝေသာလီဆောင် မရှိသေးပါ။ တောင်ငူဆောင်ရှေ့ တောင်ပိန္နဲပင်ကြီးအောက် ဖြတ်လျှောက်၊ ငှက်ပျောတောလမ်းကလေးကိုဖြတ်ပြီး ဦးချစ်ဆိုင်သို့ သွားရသည်။ ဗာဒံပင်ရိပ်အောက်ရှိ ခုံလေးများမှာ ထိုင်ကြသည်။ သီချင်းသံကြားကနေ အလုအယက် စကားတွေပြောကြသည်။ ငြင်းခုံကြသည်။ အဆိုတော် မိုးမင်းလည်း ဦးချစ် ဖောက်သည်ကြီးဖြစ်သည်။ သူ့ကိုလည်း ဦးချစ်ဆိုင်မှာ အမြဲတွေ့ရတတ်သည်။ အတန်းတက်၊ ကျူတိုရီယယ်ဖြေပြီးလျှင် ဦးချစ်မှာ ကျွန်မတို့ထိုင်ကြသည်။ တစ်ခါတစ်ရံ ဦးယမ်းဘီလူးဆိုင်မှာ အအေးသွားသောက်ကြသည်။ အင်းလျားကန်ဘက်သွားပြီး ဝက်သားတုတ်ထိုးစား၊ မန်းကျည်းဖျော်ရည် သောက်ကြသည်။ ကျောင်းတော်ကြီးထဲက အပင်တွေကိုလည်း အမှတ်တရရှိနေသေးသည်။ ဂျပ်ဆင်နောက်ဘက်က ရင်ခတ်ပန်းပင်ကြီး မရှိတော့ပြီ၊ အာရ်စီနောက်က စိန်ပန်းဝါပင်ကြီးလည်း ဓာတ်ပုံထဲမှာသာ ရှိတော့သည်။ တောင်ပိန္နဲ၊ သစ်တိုပင်တွေလည်း နာဂစ်မှာ လဲကျသေဆုံးခဲ့ကြသည်။ ကံ့ကော်၊ ပိတောက်၊ စိန်ပန်းပင်တွေလည်း လဲပြိုကျဆုံးခဲ့ကြသည်။

**လောကခံကို ကြံ့ကြံ့ခံ**

ကျွန်မအဖေနှင့်အမေက ၁၉၆၂ (7[th] July)ကို ကြုံခဲ့သည်။ ကျွန်မက ရှစ်လေးလုံး အရေးတော်ပုံမတိုင်ခင် ငွေစက္ကူအရေး၊ ဖုန်းမော်အရေး၊ (10 December) အရေးတို့ကိုကြုံတွေ့ပြီး ကျောင်းလေးနှစ်အောက်ခဲ့ရသည်။ ငွေစက္ကူသိမ်းသည့်ကိစ္စကြောင့် အတိုးရော အရင်းပါ ငွေကြေးဆုံးရှုံးခဲ့ရသည်။ ဤသည်မှာ ခေတ်အခြေအနေနှင့် နိုင်ငံရေးအခင်းအကျင်းဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးရှိ ကျောင်းသား ကျောင်းသူတို့နှင့် ဆက်စပ်နေသည်မှာ ငြင်းမရနိုင်ပါ။ ထို့ကြောင့် ကျွန်မတို့ခေတ်က ကျောင်းသားကျောင်းသူတို့၏ ကျောင်းသားဘဝမှာ လောကခံကို ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ခြင်းတွေ ပါဝင်နေပါကြောင်း ပြောလိုခြင်းဖြစ်ပါသည်။

ကျောင်းတော်ကြီး၏ အဆောက်အအုံများ၊ သစ်ပင်များမှာလည်း လောကခံ၏ အရိုက်အပုတ်၊ အထုအထောင်းကို ခံခဲ့ရသည်မှာ သမိုင်းသက်သေရှိသည်။

မည်သို့ပင်ဆိုစေကာမူ တက္ကသိုလ်ကြီးက လဲပြိုမသွားဘဲ ပြန်၍ ထမတ်နိုင်ခဲ့သည်။ နှစ် ၁၀၀ ပြည့်ပြီ၊ ကျောင်းလေးနှစ်အောက်ခံရပြီး ကျောင်းသက်ရှည်ခဲ့ရသော ကျွန်မလည်း ပါမောက္ခအဖြစ် တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေပေပြီ။

ကျောင်းထဲမှာ လဲကျ၊ ပြိုကျ သေဆုံးသွားကြသော သစ်ပင်တွေနေရာမှာ အသစ် အသစ်သော အပင်တို့ ဝေဆာလာပေပြီ။ မသေဘဲ ကျန်ခဲ့သော သစ်ပုပ်ပင်ကြီးသည် ကျွန်မတို့၏ ဘဝအားမာန်ကို တက်ကြွစေသည်။ ပင်ပျိုပင်အိုတို့ဖြင့် ဝေဆာနေသော ကျောင်းတော်ကြီးသည် ရာပြည့်နှစ်မှသည် နောင် နှစ်ပေါင်း များစွာ ရှင်သန်နေဦးမည်မှာသေချာလှသည်။ ထို့ကြောင့် လောကခံသည် ကျွန်မတို့၏ ခြေထောက်အောက်သို့ရောက်သွားသောအခါ လှေကားထစ်များဖြစ်သွားကြသည့် သဘောကို စောကြောမိရသည်။



## ရာသက်ပန် (တောင်ငူဆောင်)၏ ကိုယ်ရေးအကျဉ်း

- ❖ မိဘအမည် ဦးသန်းမြင့် +ဒေါ်သန်းကြည် ဖြစ်ပါသည်။
- ❖ အမည်ရင်း ဒေါက်တာဇင်မာသန်းဖြစ်ပြီး မွေးသက္ကရာဇ် ၂၈- ၅ - ၁၉၆၇ ခုနှစ်ဖြစ်သည်။
- ❖ ၂၀၀၇ခုနှစ်တွင် ပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ ပါရဂူဘွဲ့ကျမ်းခေါင်းစဉ်မှာ " မြန်မာဝတ္ထုတိုများမှ အပြောနှင့်အပြ ၁၉၈၀-၁၉၉၀"၊ ၁၉၈၉ခုနှစ်တွင် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။
- ❖ ဖြိုးလထုတ် မဟေသီ မဂ္ဂဇင်းတွင်"အတာ လွမ်းတို့ နှမ်းလေပြီ" ဝတ္ထုတို၊ ၁၉၉၄ တွင် လမင်းဆီသို့ခရီးသွားခြင်းနှင့်အခြားဝတ္ထုတိုများစာအုပ်ကို ပျိုးအိမ်သစ်စာပေမှထုတ်ဝေခဲ့သည်။
- ❖ ၂၀၁၄တွင် မြန်မာဝတ္ထုတို လမ်းကြောင်း စာအုပ်ကို လင်းလွန်းခင်စာပေမှ ထုတ်ဝေခဲ့သည်။
- ❖ ဂျူး၏ ချစ်သူဖတ်ဖို့စာ ဝတ္ထုတိုကို သိစိတ်စီးကြောင်း သဘောတရားဖြင့် လေ့လာခြင်း စာတမ်း၊ မင်းသစ်၏ "ဂျွန်အီတန် မသိသေးသော သီဝရီ "ဝတ္ထုတိုကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း စာတမ်းတို့ဖြင့် ဟင်္သာတတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့တွင် သုတေသနစာတမ်းဆုများ ရရှိခဲ့သည်။
- ❖ ၂၀၁၃ ခုနှစ်တွင် ညီပုလေး၏ "ရတနာပုံ ရွှေမန္တလေးဝတ္ထု"ကို ခွဲခြမ်းစိတ်ဖြာခြင်း စာတမ်းဖြင့် (၁၃)ကြိမ်မြောက်၊ ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့ စာတမ်းဖတ်ပွဲတွင် အကောင်းဆုံး သုတေသနစာတမ်းဆု ရရှိခဲ့ပါသည်။
- ❖ ယခုအခါ စာပေများရေးသားရင်း ဘားအံတက္ကသိုလ် မြန်မာစာဌာနတွင်ပါမောက္ခအဖြစ် နိုင်ငံ့တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

# လက်ရွေးစင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်မည့်အစီအစဉ်များအား MFF အမှုဆောင်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အသင်းများ စခန်းဝင်လေ့ကျင့်နိုင်ရန်အတွက် ယမန်နေ့ကပြုလုပ်သည့် အမှုဆောင်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းအသီးသီး၏ လေ့ကျင့်ပြင်ဆင်မည့်အစီအစဉ်များနှင့်ပတ်သက်၍ အွန်လိုင်းမှပြုလုပ်သည့် အလုပ်အမှုဆောင်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် လာမည့် ၂၀၂၁ ခုနှစ်အတွင်း လက်ရွေးစင်အမျိုးသားအသင်း၊ အမျိုးသမီးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ၊ အိမ်ရှင်အဖြစ်ကျင်းပမည့် ပြိုင်ပွဲများနှင့် ပြည်ပသို့သွားရောက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက်ကြိုတင်ပြင်ဆင်မှုများ၊ ယင်းအတွက် ကုန်ကျစရိတ်များနှင့် ကိုဗစ်ကပ်ဘေးလွန်ကာလ စီမံခန့်ခွဲမှုများ၊ ကိုဗစ်ကာလအတွင်း စီမံဆောင်ရွက်နိုင်စရာရှိသည်များအား ကြိုတင်စီစဉ်ထားရှိမှုများ၊ အဖွဲ့ချုပ်၏ လက်ရွေးစင်အသင်းအသီးသီးအတွက် ကုန်ကျစရိတ်များ အပါအဝင် ၂၀၂၁ ခုနှစ်အတွင်း ကဏ္ဍအလိုက် လည်ပတ်သုံးစွဲရမည့် ငွေကြေးစီမံခန့်ခွဲမှုများ၊ ဘဏ္ဍာငွေနှင့် ငွေကြေးထောက်ပံ့မှုများ၊ ဖူဆယ်ကဏ္ဍတွင် ဖူဆယ်လက်ရွေးစင် နည်းပြပြန်လည်ခန့်အပ်နိုင်ရေးနှင့် ပြိုင်ပွဲများနေရာအများအပြားတွင် ကျင်းပနိုင်ရေး၊ မြန်မာ့ဖူဆယ်လောက ယခင်ထက်ပိုမို အားကောင်းရေးအတွက် သက်ဆိုင်ရာကော်မတီနှင့် အဖွဲ့ချုပ်တို့ပူးပေါင်း၍ အတူတကွ အကောင်အထည်ဖော်ဆောင်ရေး၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများအတွက် နိုင်ငံတကာဘောလုံးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထောက်ပံ့ကူညီပေးနိုင်ရေး စသည့်ကိစ္စရပ်များအတွက် ဆွေးနွေးခဲ့ကြသည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အမှုဆောင်အစည်းအဝေးကို အွန်လိုင်းမှပြုလုပ်နေစဉ်။

၂၀၂၁ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၊ ဖူဆယ်လက်ရွေးစင်အသင်းများမှာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြိုင်ပွဲအကြိုလေ့ကျင့်ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ၊ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၊ မြန်မာယူ-၂၂ အသင်း၏ အာရှယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အာရှဖလားခြေစစ်ပွဲ၊ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ၊ ဖူဆယ်လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့၏ ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲနှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲတို့ ယှဉ်ပြိုင်မည့် မြန်မာလူငယ်အမျိုး သမီးအသင်းများနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့်သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများရှိနေကြောင်း သိရသည်။ လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအနက် မြန်မာအသင်းများအနေဖြင့် အစောဆုံးမတ်လတွင် ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ရာ ယခုနှစ်ကုန်ပိုင်းနှင့် လာမည့်နှစ်ဆန်းပိုင်းတွင် မဖြစ်မနေလေ့ကျင့်နိုင်ရန် လိုအပ်နေသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# ရန်ကုန်တက္ကသိုလ်၏ ဖွားဖက်တော်တစ်ဦး ကြွလွင့်ခြင်း

## ကြည်ကြည်အောင်

ရန်ကုန်တက္ကသိုလ်တည်ထောင်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က နှစ် (၁၀၀) ပြည့်ခဲ့ပြီ။ သင်္ချာဖခင်ကြီးဟု တင်စားခဲ့သည့် ကျွန်မတို့ချစ်သော ဆရာကြီး ပါမောက္ခဦးဘတုတ်သည်လည်း ရန်ကုန်တက္ကသိုလ်၏ ဖွားဖက်တော်ဖြစ်သည့်အားလျော်စွာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အသက် ၁၀၀ ပြည့်မည်ဖြစ်ပါသည်။ ဆရာကြီး၏အသက် ၁၀၀ ပြည့် မွေးနေ့ကို ထူးထူးခြားခြား ကျင်းပရန် ကျွန်မတို့အားလုံးကြိုးပမ်းလျက်ရှိပါသည်။ သင်္ချာမိသားစု၏ (၂၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲကိုလည်း ဆရာ့မွေးနေ့တွင် ကျင်းပရန် သတ်မှတ်ခဲ့ကြပါသည်။ အာစရိယပူဇော်ပွဲနေ့တွင် ဆရာ့အား Zoom Application ဖြင့် ကန်တော့ရန်လည်း အစီအစဉ်များကို စနစ်တကျရေးဆွဲရင်း ကျွန်မတို့အားလုံး ဝမ်းသာပီတိ ဖြစ်နေကြပါသည်။

ဒီဇင်ဘာလ ၂ ရက်နေ့ ညနေတွင် မျှော်လင့်မထားသော မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျွန်မတို့အားလုံး သည်းအူပြတ်မတတ် ကြေကွဲဝမ်းနည်းပူဆွေးခဲ့ရပါသည်။ ကျွန်မတို့ သင်္ချာမိသားစုအတွက် ရွှေတောင်ကြီးကွယ်ခဲ့ပြီဟု တင်စားလိုပါသည်။ ထိုနေ့ ညနေ ၅ နာရီ ၄၃ မိနစ်တွင် ကျွန်မတို့ ချစ်သော ကျေးဇူးရှင်သင်္ချာဖခင်ကြီး ပါမောက္ခဦးဘတုတ် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့ပါသည်။ ဆရာကြီးအား ချစ်သောသားသမီး၊ မြေး၊ မြစ်များနှင့် အသက် ၁၀၀ ကျော်အထိ ပျော်ပျော်ရွှင်ရွှင် နေသွားစေချင်သော ကျွန်မတို့ဆန္ဒ မပြည့်ဝသည်ကို တွေးရင်း ဆရာကြီးနှင့် ကျွန်မဆုံခဲ့ပြီး ဆရာကြီး၏ အရိပ်အာဝါသအောက်တွင် တာဝန်ထမ်းဆောင်ရင်း ကြီးပြင်းခဲ့ပုံများကို ပြန်လည်သတိရမိပါသည်။

### ဆရာကြီး၏ ကိုယ်ရေးမှတ်တမ်း

ဆရာကြီးကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားသည်။ ၁၉၃၇ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၄၂ ခုနှစ်တွင် သိပ္ပံဂုဏ်ထူးတန်းစာမေးပွဲကို First CLass က အောင်မြင်သည်။ ၁၉၄၃ ခုနှစ်တွင် နိုင်ငံခြားရေးအရာရှိရာထူးခန့်စာရပြီး ၁၉၄၅ ခုနှစ်တွင် ဝန်ထမ်းဘဝ ပြီးဆုံးခဲ့သည်။ ၁၉၄၆ ခုနှစ် မတ်လတွင် စာရင်းအင်းလက်ထောက်တာဝန် ထမ်းဆောင်ပြီး စာရင်းအင်းအရာရှိဖြစ်လာသည်။ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ထိုရာထူးမှ နုတ်ထွက်ပြီး စက်တင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် သင်္ချာဌာန နည်းပြတာဝန်ထမ်းဆောင်သည်။

၁၉၄၇ ခုနှစ်တွင် မန္တလေးယူနီဗာစီတီ ကောလိပ်သို့ လက်ထောက်ကထိကအနေဖြင့်ပြောင်းသည်။ ၁၉၄၈ ခုနှစ်တွင် ထိုရာထူးနှင့်ပင် ရန်ကုန်တက္ကသိုလ် သင်္ချာဌာနသို့ပြန်ပြောင်းလာခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မဟာသိပ္ပံသင်္ချာဘွဲ့ကို ဂုဏ်ထူးဖြင့်အောင်မြင်ပြီး ကထိကရာထူး တိုးခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သင်္ချာမဟာဘွဲ့ရခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သင်္ချာဌာန၌ ပါမောက္ခရာထူး ထမ်းဆောင်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ပေးခြင်းခံခဲ့ရသည်။ ၁၉၆၉ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်တာဝန်ကိုစွန့်လွှတ်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်သင်္ချာဌာနတွင် ပါမောက္ခတာဝန်များကို လက်ခံခဲ့သည်။

၁၉၈၁ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူထားသော်လည်း ဆရာကြီးသည် အနားမနေဘဲ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သင်္ချာဌာနတွင် အချိန်ပိုင်းကထိကအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ကာ မဟာသိပ္ပံတန်းများကို ပို့ချခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ABAC School of Engineering အင်ဂျင်နီယာဌာနတွင် ဒုတိယဌာနမှူး တာဝန်ကို လက်ခံခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အနားယူပြီး မြန်မာနိုင်ငံသို့ပြန်လာသည်။ ဝန်ထမ်းမှတ်တမ်းအရ ဆရာကြီးသည် အမိတက္ကသိုလ်တွင် အနှစ် ၂၀ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း သင်္ချာပညာ တိုးတက်ပြန့်ပွားရေးများကို ဆောင်ရွက်ခဲ့ပါသည်။



ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မြင့်မောင်မောင်

### ဆရာကြီး၏မိသားစု

ဆရာကြီးသည် ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဒေါ်ခင်မကြီးနှင့် လက်ထပ်ခဲ့ပြီး သားသမီးရှစ်ယောက် ထွန်းကားခဲ့သည်။ ဆရာကြီး၏ စည်းစနစ်ကြီးမှု၊ ဆရာကြီးဇနီး၏ သားသမီးများအပေါ် ဆိုဆုံးမတတ်မှုတို့ကြောင့် သားသမီးရှစ်ယောက်လုံး မိဘများအပေါ် သိတတ်သည့် ဘွဲ့ရပညာတတ်များ ဖြစ်လာသည်ကို တွေ့ရသည်။ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဆရာကြီး၏ ဇနီးကွယ်လွန်သွားသော်လည်း ဆရာကြီးအား လိုလေသေးမရှိ ပြုစုစောင့်ရှောက်လျက်ရှိသော အတူနေသားသမီးများရှိသကဲ့သို့ သီးခြားနေသောသားသမီးများသည်လည်း နေ့စဉ်အလှည့်ကျ ဖခင်ကြီးအား လာရောက်ပြုစုကြပါသည်။ အိုကံကောင်းသော ဆရာကြီး၏ဘဝမှာ အားကျစရာဖြစ်ပါသည်။

ဆရာကြီးနှင့် ကျွန်မဆုံစည်းပြီး ဆရာကြီး၏ သွန်သင်ညွှန်ပြမှု၊ ပြုစုပျိုးထောင်မှုအောက်တွင် ကြီးပြင်းလာပုံများကိုဆက်လက်ဖော်ပြလိုပါသည်။

### တက္ကသိုလ်ကျောင်းသူဘဝကျွန်မ

ကျွန်မသည် ၁၉၅၉ ခုနှစ်တွင် Physics၊ Chemistry၊ Additional Mathematics အတွဲနှင့် တက္ကသိုလ်ဝင်တန်းကို သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ သင်္ချာဘာသာကို ဆက်လက်လေ့လာစေချင်သော အစ်ကိုကြီး၏ဆန္ဒအရ တက္ကသိုလ်တက်သည့်အခါ Pure Science combination ယူခဲ့ပါသည်။ ISc(Part A) ကို ရန်ကင်းကောလိပ်[ယခု ရန်ကင်းအထက(၁)]တွင် တစ်နှစ်တက်ရပါသည်။ ထိုနှစ်တွင် နောင်ကျွန်မ၏ အချစ်ဆုံးသူငယ်ချင်း ဖြစ်လာမည့် မြင့်မြင့်ခိုင် (အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သမီး)နှင့် စတွဲဖြစ်ပါသည်။ ပထမနှစ်တွင် ဆရာဦးစိန်မင်း၊ ဆရာ ဦးမောင်မောင်တင်၊ ဆရာဦးကိုလေး၊ ဆရာဦးခင်ဇော်တို့နှင့် သင်္ချာဘာသာကို သင်ခဲ့ရပါသည်။ ထိုခေတ်အခါက ဆရာများသည် ရန်ကုန်တက္ကသိုလ်တွင် ပင်တိုင်နေရပြီး ရန်ကင်းကောလိပ်နှင့် ထီးတန်းကောလိပ်(ဝိဇ္ဇာတွဲများ) များသို့ စာသင်သည့်အချိန်များတွင်သာ ရန်ကုန်တက္ကသိုလ်မှ စီစဉ်ပေးသော ဘတ်စ်ကားများနှင့် လာကြပါသည်။

ISc(Part A) အောင်ပြီးသောအခါ၊ ISc(Part B) ကို ရန်ကုန်တက္ကသိုလ် သင်္ချာဌာနအောက်ထပ်ရှိ S 1 နဲ့ S 2 အခန်းများတွင် တက်ရပါသည်။ ထိုနှစ်တွင် ဆရာဦးတင်လှိုင်၊ ဆရာဦးတင်မောင်၊ ဆရာဦးကိုကိုလေး၊ ဆရာဦးအောင်မြင့်တို့၏ သင်ကြားမှုကို ခံယူခဲ့ရပါသည်။ ဆရာတစ်ဦးစီ၏ ထူးခြားမှုများကို ယခုတိုင်မြင်ယောင်နေမိပါသည်။ နိုင်ငံခြားမှပြန်ရောက်စ ဆရာဦးတင်လှိုင်သည် ဘောင်းဘီအဖြူ အမြဲဝတ်လေ့ရှိပါသည်။ ဆရာဦးတင်မောင်ကတော့ Lecture အစမှအဆုံးထိ ကျောင်းသားများကို လှည့်ကြည့်လေ့မရှိဘဲ သင်လေ့ရှိပြီး အတန်းအဝင်၊ အထွက် အချိန်လည်း တိကျပါသည်။ ဆရာဦးကိုကိုလေးကတော့ ဆရာသင်ပြသည့် အကြောင်းအရာများသည် ကျွန်မတို့အတွက် ခက်ခဲနက်နဲသော်လည်း ဆရာ့အနေဖြင့် ခက်ခဲမှုမရှိသလို အမြဲပြုံးပြီးသင်လေ့ရှိပါသည်။ ဆရာဦးအောင်မြင့်ကတော့ လက်ထဲတွင် အမြဲပါလေ့ရှိသည့် သောက်လက်စ ဆေးပေါ့လိပ်လေးကို စာသင်ခန်းအပြင်ရှိ ပေါင်(ဘောင်)ပေါ်တင်ပြီးမှ စာသင်ခန်းကို ဝင်ပါသည်။ စာသင်ပြီး ပြန်ထွက်ရင်လည်း မမေ့မလျော့ သူ့ဆေးလိပ်ကိုယူပြီးမှ အခန်းကို ပြန်တတ်ပါသည်။ ISc(Part B) စာမေးပွဲအောင် သောအခါတွင် Pure Science Combination ယူသော သူများသည် Eligible ဖြစ်ပါက Rangoon Institute of Technology(RIT) တက်ခွင့်ရသကဲ့သို့ ဂုဏ်ထူးတန်းလည်း တက်လို့ရပါသည်။ ကျွန်မနှင့်မြင့်မြင့်ခိုင် နှစ်ယောက်လုံး Eligible ဖြစ်ကြသော်လည်း RIT မသွားဘဲ သင်္ချာအထွေထွေ ဂုဏ်ထူးတန်း (General Honours) တက်ခဲ့ကြပါသည်။

ဂုဏ်ထူးတန်းစတက်သည့်အချိန်တွင် ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန၌ ကထိကတာဝန် ထမ်းဆောင်နေသည့် ကျွန်မ၏အဖေဘက်မှ အစ်ကိုတော်သူ ကိုကိုကျော် (အငြိမ်းစား ပါမောက္ခချုပ် ဦးကျော်)က ပါမောက္ခဆရာကြီး ဦးဘတုတ်ထံ ကျွန်မကိုခေါ်သွားပြီး အပ်ခဲ့ပါသည်။ ထိုနေ့တွင် ကျွန်မ ဆရာကြီးဦးဘတုတ်အား စမြင်ဖူးပါသည်။ အသားညိုညိုထောင်ထောင်မောင်းမောင်းနှင့် တပ်ထားသောမျက်မှန်ကို ကျော်ကြည့်ပြီး အသံဩဇာအပြည့်နှင့် စကားပြောပုံကို စတင်သတိပြုမိပါသည်။ အထွေထွေဂုဏ်ထူးတန်းကို နှစ်နှစ်တက်ရပါသည်။ ထိုအတန်းများတွင် ဆရာကြီး ဦးအောင်လှ၊ ဆရာကြီး ဦးဘတုတ်၊ ဆရာ ဦးတင်လှိုင်၊ ဆရာဦးကိုကိုလေး၊ ဆရာ ဦးတင်မောင်၊ ဆရာ ဦးအောင်မြင့်တို့၏ သင်ကြားမှုကို ခံယူခဲ့ရပါသည်။ ဆရာကြီးဦးအောင်လှသည် ရန်ကုန်တက္ကသိုလ်သင်္ချာဌာန၏ ပထမဆုံးမြန်မာ ပါမောက္ခ/ဌာနမှူးဖြစ်ပြီး ထိုအချိန်က အငြိမ်းစားယူပြီး အချိန်ပိုင်း လာရောက်သင်ကြားခြင်း ဖြစ်ပါသည်။ ဆရာကြီးက Astronomy သင်ပေးပါသည်။ ဆရာကြီး ဦးဘတုတ်က Abstract Algebra သင်ပါသည်။ ဆရာကြီးသည် အင်္ဂလိပ်အက္ခရာများကို လက်ရေးဆက်မရေးဘဲ တစ်လုံးစီ ဝိုင်းဆက်နေအောင် ရေးလေ့ရှိပါသည်။ စာရှင်းရာတွင်လည်း ပီပီသသနှင့် ကျောင်းသားများ နားလည်အောင်ရှင်းပြလေ့ရှိပါသည်။ ထိုအချိန်မှစပြီး ကျွန်မသည် ဆရာကြီး၏ သင်ပြမှုနည်းစနစ်များ၊ အရေးအသားများကို အတုယူခဲ့မိပါသည်။

**ဆရာကြီးဦးအောင်လှသည် ရန်ကုန်တက္ကသိုလ်သင်္ချာဌာန၏ ပထမဆုံး မြန်မာပါမောက္ခ/ဌာနမှူးဖြစ်ပြီး ထိုအချိန်က အငြိမ်းစားယူပြီး အချိန်ပိုင်း လာရောက်သင်ကြားခြင်း ဖြစ်ပါသည်။ ဆရာကြီးက Astronomy သင်ပေးပါသည်။ ဆရာကြီး ဦးဘတုတ်က Abstract Algebra သင်ပါသည်။ ဆရာကြီးသည် အင်္ဂလိပ်အက္ခရာများကို လက်ရေးဆက်မရေးဘဲ တစ်လုံးစီ ဝိုင်းဆက်နေအောင် ရေးလေ့ရှိပါသည်။ စာရှင်းရာတွင်လည်း ပီပီသသနှင့် ကျောင်းသားများ နားလည်အောင် ရှင်းပြလေ့ရှိပါသည်။ ထိုအချိန်မှစပြီး ကျွန်မသည် ဆရာကြီး၏ သင်ပြမှုနည်းစနစ်များ၊ အရေးအသားများကို အတုယူခဲ့မိ။**

၁၉၆၃ ခုနှစ်တွင် ကိုဦးသာ(သင်္ချာဦးသာ)၊ ကိုဇင်ဝေသိမ်း(ဒုဗိုလ်မှူးကြီး – ငြိမ်း)၊ ကိုမြင့်ဖေ ၊ မြင့်မြင့်ခိုင် (ပါမောက္ခ/ဌာနမှူး–ငြိမ်း)၊ မခင်စိန်(ပါမောက္ခ– ငြိမ်း)နှင့် ကျွန်မ ကြည်ကြည်အောင် (ပါမောက္ခ/ ဌာနမှူး– ငြိမ်း) တို့ ခြောက်ယောက် အထွေထွေဂုဏ်ထူးတန်းအောင်မြင်ခဲ့ကြပါသည်။

### ရန်ကုန်တက္ကသိုလ်သင်္ချာဌာနမှစခဲ့သော ဝန်ထမ်းဘဝ

အထွေထွေဂုဏ်ထူးတန်းအောင်မြင်ခဲ့ကြသော ကျွန်မတို့ ခြောက်ယောက်ကို ပါမောက္ခ ဆရာကြီး ဦးဘတုတ်က သူ့ရုံးခန်းသို့ ခေါ်တွေ့ပြီး ဌာနတွင် နည်းပြရာထူးလျှောက်လိုမှု ရှိ၊ မရှိ မေးပါသည်။ ထိုအချိန်က ဌာန၏ ပါမောက္ခ/ ဌာနမှူးများတွင် နည်းပြခန့်ပိုင်ခွင့်ရှိကြပါသည်။ အားလုံးက လုပ်လိုကြောင်းလျှောက်လွှာတင်ခဲ့သဖြင့် ၁၉၆၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ စပြီး ကျွန်မတို့ သူငယ်ချင်းခြောက်ယောက် နည်းပြဖြစ်ခဲ့ကြပါသည်။ ကျောင်းဖွင့်ချိန် နည်းပြတန်းများ စသည့်အခါ ပါမောက္ခက နည်းပြတန်းများဝင်ရန် အတန်းများ ခွဲပေးပါသည်။ နည်းပြတန်းများ မဝင်မီ မိမိဝင်ရမည့်အတန်းအတွက် မေးခွန်းကို သက်ဆိုင်ရာ Lecturer ထံမှယူပြီး တွက်ကြည့်ကာ ပါမောက္ခရှေ့တွင် တွက်ပြရပါသည်။ ဆရာကြီးက လိုအပ်သည်များဖြည့်ပေးပြီး ကျေနပ်မှသက်ဆိုင်ရာ နည်းပြတန်းကို ဝင်ရပါသည်။ အမှတ်ပေးပုံကိုလည်း စနစ်တကျ သင်ပေးပါသည်။

စာမျက်နှာ ၂၁ သို့ ❖

❖ စာမျက်နှာ ၂၀ မှ

၁၉၆၅ ခုနှစ်တွင် မဟာသိပ္ပံတန်းဖွင့်သည့်အတွက် ကျွန်မရော မြင့်မြင့်ခိုင်ပါ တက်ကြပါသည်။ ထိုခေတ်က မဟာသိပ္ပံတန်းသင်နိုင်သော ဆရာဦးရေနည်းသောကြောင့် မဟာသိပ္ပံတန်းကို နှစ်စဉ်မဖွင့်နိုင်ဘဲ တစ်သုတ်ပြီးမှ တစ်သုတ်ဖွင့်နိုင်ခဲ့ပါသည်။ ထိုအချိန်က မဟာသိပ္ပံတန်းမှာ ရေးဖြေ နှစ်နှစ်သင်တန်းဖြစ်ပါသည်။ ဆရာကြီး ဦးဘတုတ်၊ ဆရာကြီး ဦးတင်လှိုင်၊ ဆရာဦးကိုကိုလေး၊ ဆရာဦးတင်မောင် ၊ ဆရာကြီးဒေါက်တာချစ်ဆွေတို့၏ သင်ကြားမှုကိုခံယူခဲ့ရပါသည်။ ဆရာကြီးဦးဘတုတ် စာသင်ကြားသော နေ့တစ်နေ့၏ အမှတ်တရတစ်ခုကို သတိရမိပါသည်။ အတန်းတက်တိုင်း ကျွန်မနှင့် မြင့်မြင့်ခိုင်သည် ရှေ့ဆုံးတန်းတွင် အမြဲထိုင်လေ့ရှိပါသည်။ စာသင်ကြားပို့ချသည့် ဆရာများအနက် ဆရာကြီးဦးဘတုတ်သည် စာသင်နေစဉ် အမြဲလိုလို စာမေးလေ့ရှိပါသည်။ ယခုခေတ် သင်ပြနည်းတစ်ခုဖြစ်သည့် Student–Centred Approach ကို ဆရာကြီးသည် ဟိုယခင် ကပင် ကျင့်သုံးခဲ့သည်။ ကျွန်မတို့သူငယ်ချင်းနှစ်ယောက်သည် ဆရာ့မေးခွန်းများကို ဖြေနိုင်ပါက အမြန်ဖြေလေ့ရှိပြီး မဖြေနိုင်သည့်အခါတွင် နှစ်ယောက်သားနဖူးနှင့် စားပွဲထိမတတ်ငုံ့နေလေ့ ရှိပါသည်။ ကျွန်မတို့ နှစ်ယောက်၏ နောက်အကျင့်တစ်ခုမှာ နေ့စဉ်ဆံထုံးတွင်ပန်းပန်လေ့ရှိပါသည်။ ဆရာကြီး ဦးဘတုတ် စာသင်ချိန်တစ်ချိန်တွင် ပန်းများနှင့်ဝေနေသော ကျွန်မတို့နှစ်ယောက် ဆရာစာမေးသည်ကို မဖြေနိုင်သဖြင့် ခေါင်းမဖော်နိုင်သည့် အချိန်တွင် ဆရာက “ မင်းတို့နေ့တိုင်းတော့ ပန်းပန်နိုင်တယ်၊ စာတော့နေ့တိုင်း မကြည့်လာဖူးလား” ဟု မေးပါသည်။ ထိုနေ့မှစပြီး ကျွန်မတို့ နှစ်ယောက် ဆရာ့အတန်းတက်မည့်အချိန်ဆိုလျှင် ပန်လာသည့်ပန်းများ ဖြုတ်ကာ အခန်းထဲတွင် ရေစိမ်ထားခဲ့ပြီး အတန်းပြီးမှ ပြန်ပန်ကြပါသည်။ ပန်းမပန်ဘဲလည်း မနေနိုင်သလို ဆရာဆူမှာလည်း ကြောက်ရ ဖြစ်နေသော ကျွန်မတို့နှစ်ယောက် အဖြစ်ကို တစ်ခန်းတည်း အတူနေ အစ်မကြီး ဒေါ်သိန်းတင့်၊ အစ်မကြီးဒေါ်ခိုင်ဉာဏ်၊ အစ်မကြီးဒေါ်မြင့်ဉာဏ်တို့က အခုထိကြုံရင်ပြောမဆုံး ဖြစ်ခဲ့ပါသည်။

နည်းပြလုပ်သက်သုံးနှစ်ပြည့်မှ ဆယ်တန်းစာစစ်လုပ်ငန်းများကို လုပ်ခွင့်ပြုပါသည်။ စာစစ်လုပ်ငန်းမစမီ စာစစ်လုပ်ငန်းအတွေ့အကြုံ မရှိသေးသော ကျွန်မတို့ နည်းပြအသစ်များကို ဆရာကြီးက စာစစ်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို သေချာစွာ လမ်းညွှန်မှုများ ပေးပါသည်။ ဝါရင့် ကထိကများရေးဆွဲထားသော အမှတ်ပေးစည်းမျဉ်းကိုလည်း သေချာစွာရှင်းပြပါသည်။ အဖြေလွှာပေါ်တွင် အမှတ်ရေးရမည့်အရွယ်အစား၊ တစ်ပုဒ်ချင်းစီအတွက် အမှတ်ရေးရမည့်နေရာ စသည်တို့ကို အသေးစိတ်သင်ပြပါသည်။ အမှတ်ပေါင်းသည့်အခါတွင်လည်း အတွင်း၊ အပြင် တစ်ခါစီ ပေါင်းပြီး နှစ်ခုကိုက်မှ စာအုပ်မျက်နှာဖုံးစာမျက်နှာပေါ်တွင် အမှတ်ဖြည့်ရမည်ဟုလည်း မှာကြားပါသည်။ စာစစ်လုပ်ငန်းအတွေ့အကြုံများကို ဆရာကြီးဦးတင်မောင်၊ ဆရာကြီးဦးကိုကိုလေးနှင့် ဆရာဦးအောင်စိန်တို့ လက်အောက်တွင် အတူတွဲလုပ်ရင်း သင်ယူခဲ့ရပါသည်။ စာစစ်လုပ်ငန်းများပြီးစီးသောအခါ စာအုပ်များသိမ်းပုံကိုလည်း စနစ်တကျသိမ်းဆည်းရန် ကြိုးချည်နည်းကအစ ဆရာဦးမောင်မောင်တင်ကသင်ပေးပါသည်။ အဖြေလွှာ အုပ် ၅၀ လျှင် တစ်စည်းကျစ်နေအောင် စည်းရပါသည်။

